စိတ်ကူးချိုချိုအနုပညာ

# ဒေါသကထာ

မောင်းထောင်
ဆရာတော်ဘုရားကြီး

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

# ဒေါသကထာ

မောင်းထောင်
ဆရာတော်ဘုရားကြီး

taya0013

2300.00 Ks

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဒေါ်မြို့မြို့လတ်၊ ရွှေခေတ်စာပေ၊ ၂၁၊ ဒါနလမ်း၊ သာယာကုန်းရပ်၊ မင်္ဂလာတောင်ညွန့်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အပ်အက်စ်အို
၂၀၁၄၊ ဇူလိုင်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၃၀၀ ကျပ်

၂၉၄.၃

ဒေါသကထာ
ဟောင်းထောင်ဆရာတော်ဘုရားကြီး-ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄၊
စာမျက်နှာ ၁၈၂ မျက်နှာ၊ ၁၄ စင်တီ x ၂၁ စင်တီ
(၁) ဒေါသကထာ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဒေါ်သကထာ
# မောင်းထောင်
# ဆရာတော်ဘုရားကြီး

[illegible]

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဒါန်း

## ဤကျမ်းကို ရေးခဲ့သူ

ဤကျမ်းစာကို မင်းဆရာဖြစ်တော်မူ၍ ပညာသာမိ ကဝိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု သွင်းထုခတ်နှိပ် တံဆိပ်နာမ အလှူတော်ခံရပြီး ဗုဒ္ဓဘာသာဝင်တိုင်း၏ ကျေးဇူးတော်ရှင်ကြီးတစ်ဦး အထူးဖြစ်တော်မူသော မောင်းထောင်ဆရာတော်ဘုရားကြီးသည် ရေးသားစီရင်တော်မူခဲ့လေသည်။

## ဤသူတို့ တောင်းပန်မှုကြောင့်

ရေးသားတော်မူခြင်းအကြောင်းကား ကုန်းဘောင်မင်းဆက်တွင် ၁၀-ဆက်မြောက်ဖြစ်၍ မန္တလေးမြို့တည်၊ နန်းတည်ဖြစ်တော်မူသော ပဥ္စမသင်္ဂါယနာတင် အရှင်မင်းတုန်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့သည် ကြီးမားအပြစ်ဖြစ်စေတတ်ငြား ဒေါသတရား၏ ဖြစ်ပွားသမျှ အစစဆိုးကျိုး၊ အမျိုးမျိုးကျိုးဆက်ဖြစ်အပျက်သာကေ သဘာဝအဖုံဖုံကို အစုံစုံ ရေးသား၍ ပေးသနားတော်မူပါမည့်အကြောင်းဖြင့် ကောင်းစွာ လျှောက်ချက်တောင်းပန်သည့်အတွက်ကြောင့်ပင် ဖြစ်ပါကြောင်း။

## ကျမ်းပြုခြင်းရာ ဒေါသကထာ

ယင်းသို့ မင်း၊ မိဖုရားနှစ်ပါးတို့၏ သနားလို့ ဖွယ်ရာသောစကား၊ လျှောက်ထားရှာသော တောင်းပန်ချက်ကို ပွားသက်ထောက်ညှာ ကရုဏာဟုန်ရှိခဲ့တုံသဖြင့် ဉာဏ်စုံဖွင့်၍ အဆင့်ဆင့်သောကျမ်းရိုး၊ အမျိုးမျိုးသော အကိုးအကား၊

mgyoe.com

mgyoe.com

ဂါထာစုဏ္ဏိယများလည်း ဖက်စွက်၊ အနက်နှင့်တကွ၊ သက်သက်စကားပြင်၊ ပုံဝတ္ထု များနှင့် စံတင်၍ စီရင်ရေးသားခဲ့ရာ ဤဒေါသကထာကျမ်းကား ၅-ခန်းသော အဆစ်အပိုင်းတို့ဖြင့် သိုင်းဝိုင်းမိမိ တိတိကျကျ ဒေါသ၏သဘာဝ စသည်ကို ရေးသားပြထားသည်နှင့်အညီ အမည်နှင့်သကတ်၊ ဒြပ်နှင့်ဂုဏ် လိုက်လျောစုံသည် ဖြစ်ရာ သို့ကြောင့်သာလည်း ကျမ်းပြုဆရာတော်ဘုရားကြီးသည် **ဒေါသကထာ** ဟု ကိုယ်တော်တိုင် အမည်မှတ်၍ ကမ္ပည်းတပ်ခဲ့ပါကြောင်း။

## ဤကျမ်းကို သုံးသပ်ရကျိုး

ဤသို့လျှင် ဂုဏ်နှင့်ဒြပ် ထင်အပ် လျော်ညီစွာသော ဤဒေါသကထာ မည်သော ကျမ်းစာကို သေချာစွာ ဖတ်ရှုကျင့်သုံး လိုက်နာခြင်းပြုက လောကီ ငြိမ်းချမ်းမှုအစုကို ရမှုနှင့်ဧကန် ကြုံရမည်မုန်သည့်ပြင် ထာဝစဉ် ငြိမ်းချမ်းရေး ဟူသော သန္တိသုခငြိမ်းချမ်းရေးကိုလည်း အေးဆေးအောင်မြင်စွာ ရနိုင်ဖို့အကြောင်း ကောင်းစွာ ဖန်တီးပေးစွမ်းရှိသည်ကို သိကြရပေလိမ့်မည် ဖြစ်ပါကြောင်း။

ကျွန်ုပ်တို့၏ ဤအချိန်၊ ဤခေတ်၊ ဤလောက၊ ဤအခြေအနေ သတ္တဝါ တို့၏ ကျင့်သုံးပြုမှုပုံတွေသည် ဒေါသမီးတွေတောက်လို့၊ သောင်းကျန်းမှုတွေ နှောက်လို့၊ ပြစ်မှားမှုတွေရောက်လို့၊ ဖျက်ဆီးမှုတွေမြောက်လို့ဟု ဒေါသအရှိန်တွေ အလျှံတောက်ကာ ဒေါသအစမ္မကိုသာ လက်ကိုင်စုရုံး ကျင့်သုံးပြုမူနေကြသူ များခဲ့လေပြီ။

သို့လျှင် ဒေါသအစမ္မကို ကျင့်သုံးပြုမူနေကြသူများသဖြင့်လည်း...

(၁) ထိုဒေါသ၏ ပပျောက်ငြိမ်းချမ်းရေး။

(၂) အဒေါသဟူသော မေတ္တာငြိမ်းချမ်းမှု တည်ထောင်ရေး။

(၃) သို့တည်ထောင်ခြင်းကြောင့် ရအပ်သော ကိုယ်စိတ်ချမ်းသာ ငြိမ်းချမ်း ရေး။

စသော လောကီငြိမ်းချမ်းရေးတို့ဖြင့်လည်း အဝေးကြီးဝေးနေကြရမည့်ပြင် ထာဝစဉ် ငြိမ်းချမ်းရေးဟူသော လောကုတ္တရာ မဟာငြိမ်းချမ်းရေးကြီးကို ရဖို့ရန် အတွက်လည်း အခက်ကြီး ခက်နေကြရပေတော့မည်။

mgyoe.com

mgyoe.com

သို့ဖြစ်လေရာတွင် အမျက်ဖြေဆေးကြီးအသွင်၊ မေတ္တာရေစင်ကြီးအလား မခြားတူစွာ ဤဒေါသကထာကို သေချာစွာ ဖတ်ရှုကျင့်သုံး လိုက်နာခြင်း ပြုကြက...

(၁) လောကီမှု ငြိမ်းချမ်းရေး။

(၂) လောကုတ္တရာမှု ငြိမ်းချမ်းရေးတို့ကို အေးဆေးအောင်မြင်စွာ ရနိုင်ရာသောအကြောင်း ကောင်းစွာ ဖြစ်ပေမည်ကိုကား ဤကျမ်းစာကို ရှုကြည့်မိသူတိုင်း ကောင်းစွာ သိရပေမည်ပင်။

## ပုံနှိပ်ထုတ်ဝေခြင်း

သို့ဖြစ်အင်ကြောင့် အကြင်သို့သော ငြိမ်းချမ်းမှုတို့ကို ရမှု၊ ရပိုင်၊ ရနိုင်စေရန်အကြောင်း ကောင်းစွာရည်စူး၍ အထူးစေတနာ တိုက်တွန်းကာဖြင့် ဒေါသကထာမည်သော ဤကျမ်းစာကို ကျွန်ုပ်တို့ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက် ပါဠိဆရာကြီး ဆရာညဏ် အမှူးရှိသော ပါဠိဆရာ ဦးမောင်ကြီး၊ ဦးကြင်မောင်၊ ဦးစိုးဝင်း၊ ဆရာကြင်၊ ဦးစိုးမြင့်၊ ဦးသိန်းထွန်း၊ ဦးကျော်တင့်တို့က ကောင်းစွာ ပြုပြင် ခေတ်မှီစီစဉ်ကာ ထုတ်ဝေဖြန့်ဖြူးအပ်ပါသတည်း။

ဟံသာဝတီ။

mgyoe.com

mgyoe.com

ပညာသာမိအမည်တော်ရှိသော

မောင်းထောင်ဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူအပ်သော

# ဒေါသသတ်နည်း

ကို

ပြဆိုရာ

# ဒေါသကထာ

mgyoe.com

mgyoe.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အာသီသပုဗ္ဗက ဂန္ထာရမ္ဘ | ၁ |
| ၂။ | ဒေါသ၏ ဝစနတ္ထ၊ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကိုပြဆိုရာ ပဌမ ပရိစ္ဆေဒ | ၃ |
| ၃။ | ဒေါသ၏ဖြစ်ကြောင်း သမုဋ္ဌာန်ကို ပြဆိုရာ ဒုတိယ ပရိစ္ဆေဒ | ၁၂ |
| ၄။ | ဒေါသ၏အပြစ်ကိုပြဆိုရာ တတိယ ပရိစ္ဆေဒ | ၂၇ |
| ၅။ | ဒေါသ၏ ကင်းရာကင်းကြောင်း၊ ပယ်ရာပယ်ကြောင်း တရားကိုပြဆိုရာ စတုတ္ထ ပရိစ္ဆေဒ | ၅၁ |
| ၆။ | ဒေါသကင်းသဖြင့် ရအပ်သောအကျိုးကို ပြဆိုရာ ပဉ္စမ ပရိစ္ဆေဒ | ၈၅ |
| ၇။ | ပရိစ္ဆေဒ ငါးရပ်ဖြင့်ပြအပ်သော ဒေါသကို သစ္စာဖွဲ့ပုံ | ၁၅၄ |
| ၈။ | သာသနာတော်တွင်း၌ စက္ခုမာ၊ ဝိဓုရ၊ နိဿယသမ္ပန္န အင်္ဂါသုံးပါးနှင့် ပြည့်စုံစေရန် တိုက်တွန်းခြင်း ဥယျောဇဉ် | ၁၅၆ |
| ၉။ | နိဂုံး | ၁၆၂ |
| ၁၀။ | နောက်ဆက်တွဲ | ၁၇၆ |


mgyoe.com

mgyoe.com

# ဒေါသကဏ္ဍ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ၁။ အာသီသပုဗ္ဗကဂန္ထာရမ္ဘ

ဓမ္မရာဇာ အဟံ ဗုဒ္ဓေါ၊ သီတေန ဒေါသပါဝကံ။
သုနိဗ္ဗာပေသိ မဂ္ဂေန၊ ရာဇံ ပါလေတု သော ဇိနော။

ပထျာဝတ္တဂါထာ။

ဇိနော၊ မာရ်ငါးပါးကို၊ ထွားထွားညက်ညက်၊ ပယ်ဖျက်ခုတ်ထွင်၊ အောင်မြင်တော်မူပြီးထသော။ ယောဓမ္မရာဇာ၊ အကြင် မြတ်စွာဘုရားသည်။ သီတေန၊ ချမ်းအေးလှစွာသော။ မဂ္ဂေန၊ အနာဂါမိမဂ်ရေဖြင့်။ ဒေါသပါဝကံ၊ အမျက်ဒေါသတည်းဟူသော ကိလေသာမီးကို။ သုနိဗ္ဗာပေသိ၊ ငြိမ်းစေတော်မူလေပြီ။ သောဓမ္မရာဇာ၊ ထိုမြတ်စွာဘုရားသည်။ ရာဇံ၊ ငါတို့မင်းဖျား၊ မင်းတရားကြီးကို။ ပါလေတု၊ စောင့်ရှောက်နိစ္စ၊ မတော်မူစေသော။

### ဂန္ထာရမ္ဘသုံးမျိုး

ဤဂါထာကား ရှိခိုးပူဇော်ခြင်းလျှင် ရှေးရှိသော ပဏာမ ပုဗ္ဗကဂန္ထာရမ္ဘ ရတနာသုံးပါးကို ရှေးဦးမဆွထားခြင်းဟူသော ဝတ္ထုပုဗ္ဗက ဂန္ထာရမ္ဘ အောင်ဆို မင်္ဂလာ ပတ္ထနာခြင်းလျှင် ရှေးရှိသော အာသီသပုဗ္ဗက ဂန္ထာရမ္ဘ ရှေးရှေးပညာရှိ

mgyoe.com

mgyoe.com

ဆရာမွန်၊ ဆရာမြတ်တို့၏ ထုံးတမ်းဖြင့် ကျမ်းကိုအားထုတ်ခြင်း ဂန္ထာရမ္ဘသုံးပါး တို့တွင် ယခု အသက်ရှည်ကြောင်း ဆုတောင်းပတ္ထနာ အာသီသ ရှေးရှိသော အာသီသပုဗ္ဗက ဂန္ထာရမ္ဘကို မဆွမူအပ်သတည်း။

## ပဋိညာဉ်

ဤယခုအခါ၌ သတ္တဝါတို့အား မပြတ်ညှဉ်းဆဲတတ်သော တဏ္ဍေ၊ မြေဘုတ် အလား ဆိုးဝါးသော အရုပ်အဆင်းရှိသော ဒေါသ၏ ယုတ်မာညစ်ညမ်း ပော့ ရမ်းဟန်၊ မိုက်မဲတွေဝေဟန်၊ အရုပ်အဆင်း ညစ်နွမ်းဟန်များကို ထင်ရှားအောင် ပြဆိုရာ ဒေါသကထာကို အားထုတ်အံ့။

---

## မာတိကာငါးရပ်

ထိုသို့ အားထုတ်ရာ၌ မှတ်သားဆောင်ယူ လွယ်စိမ့်သောငှာ။

၁။ ဒေါသ၏ ဝစနတ္ထနှင့်တကွ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် တို့ကိုပြဆိုရာ ပဌမ ပရိစ္ဆေဒ။

၂။ ဒေါသ၏ဖြစ်ကြောင်း သမုဋ္ဌာန်ကို ပြဆိုရာ ဒုတိယ ပရိစ္ဆေဒ။

၃။ ဒေါသ၏ အပြစ်ကိုပြဆိုရာ တတိယ ပရိစ္ဆေဒ။

၄။ ဒေါသ၏ ကင်းရာကင်းကြောင်း၊ ပယ်ရာပယ်ကြောင်း တရားကို ပြဆိုရာ စတုတ္ထ ပရိစ္ဆေဒ။

၅။ ဒေါသကင်းသဖြင့် ရအပ်သောအကျိုးကို ပြဆိုရာ ပဉ္စမ ပရိစ္ဆေဒ။

ဤမာတိကာ ၅-ရပ်တို့ဖြင့် ပြဆိုအပ်သတည်း။

---

mgyoe.com

mgyoe.com

## ၂။ ဒေါသ၏ ဝစနတ္ထ၊ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ပြဆိုရာ ပဌမ ပရိစ္ဆေဒ

ထို မာတိကာ ၅-ရပ်တို့တွင် ပဌမ ပရိစ္ဆေဒ၌ သတ္တဝါတို့အား အမျက် ထွက်သောအခါ အဘယ်စိတ်ဖြစ်သနည်း။ သတ္တဝါတို့အား အမျက်ထွက်သော အခါ ဒေါသမူစိတ်ဖြစ်၏။ ထိုဒေါသမူစိတ်ကို အဘယ့်ကြောင့် ဒေါသမူဟူ၍ ဆိုအပ်သနည်း။ ဒေါသစေတသိက်ဟု ဆိုအပ်သော မူလတရားနှင့်တကွဖြစ်သော ကြောင့် ဒေါသမူစိတ်ဟူ၍ ဆိုအပ်၏။ ထိုဒေါသစေတသိက်သည် အပြစ်နှင့်တကွ မကောင်းသောအကျိုးကို ပေးတတ်သော အကုသိုလ်ဓမ္မ၊ အပြစ်မရှိ၊ ကောင်းသော အကျိုးကိုပေးတတ်သော ကုသိုလ်ဓမ္မ၊ ဤတရား ၂-ပါးတို့တွင် အဘယ်တရား နည်း။ ဒေါသစေတသိက်သည် အပြစ်နှင့်တကွ မကောင်းသောအကျိုးကို ပေးတတ် သော အကုသိုလ်ဓမ္မတည်း။

### ဒေါသခေါ်ရပုံ

ထိုဒေါသသည် အဘယ့်ကြောင့် ဒေါသမည်သနည်း။ ပြစ်မှားကြမ်းတမ်း တတ်သောသတ္တိကြောင့် ဒေါသမည်၏။ 'ဝစနတ္ထ လက္ခဏ ရသာ ဒီပဟိ ပန ဓမ္မာ ဧဝ ပရိယေသိတဗ္ဗာ'။ ပန၊ အပေါ်အဟတ်၊ မှတ်သားရာသည်ကို ပြဆိုအံ့။ ဝစနတ္ထ လက္ခဏ ရသာ ဒီပဟိ ဧဝ၊ ဝစနတ္ထ၊ လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ဖြင့်သာလျှင်။ ဓမ္မာ၊ ပရမတ္ထ တရားတို့ကို။ ပရိယေသိတဗ္ဗာ၊ ရှာမှီး အပ်ကုန်၏။

### ဝစနတ္ထ

ဤကဲ့သို့ အဋ္ဌကထာသခင် ကျေးဇူးရှင်တို့ ပြဆိုတော်မူသည့်အတိုင်း ဝစနတ္ထ၊ လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ပြဆိုအံ့။ ဝစနတ္ထဟူသည်ကား ဒုဿတီတိဒေါသော။ ယော သဘာဝေါ၊ အကြင်သဘောတရားသည်။ ဒုဿတိ၊

mgyoe.com

ပြစ်မှားကြမ်းတမ်းတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော သဘာဝေါ၊ ထို သဘောတရားသည်။ ဒေါသော၊ ဒေါသမည်၏။

## လက္ခဏာ စသည်

ထိုဒေါသသည် လှံတံဖြင့် ခတ်အပ်သော မြွေကဲ့သို့ ကြမ်းတမ်းခြင်း လက္ခဏာရှိ၏။ မိုးကြိုးစက်ကျသကဲ့သို့ စူးဝင်ခြင်းကိစ္စရှိ၏။ တစ်နည်းကား… တောမီးကဲ့သို့ မိမိ၏ မှီရာပုဂ္ဂိုလ်ကို ပူလောင်စေခြင်း ကိစ္စရှိ၏။ ရအပ်သော အခွင့်ရှိသော ရန်သူကဲ့သို့ ချုပ်ချယ်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ အဆိပ်ဖြင့် ရောနှောအပ်သောဆေးကဲ့သို့ ရန်ငြိုးဖွဲ့ခြင်း၏ အကြောင်းအာဃာတ ဝတ္ထုလျှင် နီးစွာသော အကြောင်းပဒဋ္ဌာန်ရှိ၏။

## ဒေါသ၏ အမည်အမျိုးမျိုး

ထိုဒေါသကိုပင်လျှင် ဗျာပန္နနဟူလည်းကောင်း၊ စဏ္ဍိက္ကဟူ၍လည်း ကောင်း၊ ဝိရောဓဟူ၍လည်းကောင်း၊ ပဋိဝိရောဓဟူ၍လည်းကောင်း၊ အပရိပုဏ္ဏာ-ဝစနဟူ၍လည်းကောင်း၊ ဒုရုတ္တဟူ၍လည်းကောင်း၊ အသုရောပဟူ၍လည်းကောင်း၊ အနတ္တမနဟူ၍လည်းကောင်း၊ ဝါယုသခဟူ၍လည်းကောင်း ဤသို့ အစရှိကုန်သော များစွာကုန်သော အမည်တို့ဖြင့် ခေါ်ဆိုအပ်၏။ ထိုအမည် အပေါင်းတို့တွင် အမျက် ထွက်သည်ရှိသော် ပကတိသဘောကို စွန့်စေတတ်သောကြောင့် ဒေါသသည် ဗျာပန္နနမည်၏။

## ဒေါသအတွက် အဆင်းပျက်

ထိုစကား မှန်၏။ ဒေါသသည် အမျက်ထွက်သည်ရှိသော် သူတစ်ပါး တို့ထက် သာလွန်၍ အဆင်းအရုပ်အရေသည် ရွှေစင်နိက္ခဇမ္ဗူနဒကဲ့သို့ လှပသော သူပင်ဖြစ်သော်လည်း တဇ္ဇေ၊ မြေဘုတ်အလားကဲ့သို့ သနားစရာဟူသမျှ၊ ချစ်စရာ ဟူသမျှ၊ ခင်စရာဟူသမျှတို့သည် တောမီးသင့်သော မြက်၊ နွယ်၊ ချုံကဲ့သို့ ကုန်စင် ပျောက်ခန်းလေကုန်၏။

mgyoe.com

mgyoe.com

## မြေဘုတ်တမျှ ဤဒေါသ

ထို့ကြောင့် ဒေါသသည် နာမ်တရားဖြစ်၍ စက္ခုဝိညာဉ်ဖြင့် မမြင်စကောင်းသော်လည်း ဤလောက၌ တစ္ဆေ၊ မြေဘုတ် ပူးကပ်လာသည်ရှိသော် ထိုတစ္ဆေ၊ မြေဘုတ်၏ အရုပ်အဆင်း အသွင်အပြင်ကို မမြင်ရသော်လည်း ပူးကပ်သောသူ၏ အမူအရာကို မြင်သဖြင့် ကြမ်းတမ်းသည်၊ နူးညံ့သည်၊ ဘယ့်နှယ် အလိုဆန္ဒရှိသည်၊ ဖြုံလိုသည်၊ မည်းလိုသည်။ ဤသို့ စသည်ဖြင့် အနုမာန အာရုံဖြစ်၍ ရမ်းဆသောအားဖြင့် သိရသကဲ့သို့ ဒေါသ ဥပါဒ်လာသည်ရှိသော် လူနှင့်မမျှ၊ နတ်နှင့်ပင် လှပသော်လည်း ရှုံ့တွသောမျက်နှာ၊ အသားအရေ၊ နီသောပါးနား၊ မျက်တောင်၊ မျက်လုံးရှိသဖြင့် သူတစ်ပါးတို့ ရှုကြည့်ချင်စရာမရှိအောင် ဖောက်ပြန်သောပုဂ္ဂိုလ်၏ အရုပ်အဆင်းကို မြင်သဖြင့် ဒေါသတရား၏ ဆိုးဝါးသော အရုပ်အရေရှိသည်၏အဖြစ်ကို စင်စစ်မုချ အနုမာနအားဖြင့် ဆ၍ သိအပ်သည်သာ လျှင်တည်း။ ဤကဲ့သို့ ဆ၍သိအပ်သောအရာကို အနုမာနနည်းဟူ၍ သဒ္ဒါအရာတတ်လိမ္မာကုန်သော ရှေးဆရာသူမြတ်တို့ မိန့်တော်မူကြ၏။ သည်ကိုရည်၍ ရှေးဆရာတို့လည်း မီးခိုးမြင်ထ၊ မီးကိုဆသော်၊ သိရဧကန်၊ မှန်သည့်အတူဟူ၍ စပ်ဆိုကြကုန်၏။

## နှီးနှော၍ချက်

ဥပမာ သံသန္ဒနကို ထုတ်ဆိုသည်ရှိသော် ဒေါသကို တစ္ဆေ၊ မြေဘုတ်ကိုကဲ့သို့ ထားအပ်၏။ ထိုဒေါသကိန်းသောပုဂ္ဂိုလ်ကို တစ္ဆေ မြေဘုတ်ပူးကပ်သောသူကို ကဲ့သို့မှတ်အပ်၏။ ထိုဒေါသကိန်းသော ပုဂ္ဂိုလ်အား ဒေါသကိန်းသည်ရှိသော် ပြု၍ သင့်မသင့်ပြောဆို၍ သင့်မသင့်ကိုမျှ မထောက်ချင့်နိုင်ဘဲ ဤသူကား ငါ့ထက် အသက်အရွယ် ကြီးပေသည်။ ငါ့ထက် သီလ၊ သိက္ခာကြီးပေသည်။ ငါ့ထက် ဇာတိဂုဏ် ကြီးပေသည်။ ငါ့ထက် ပညာဂုဏ် ကြီးပေသည်။ ဤသို့ စသည်ဖြင့် မမြင်မြော်နိုင်၊ ပြောမိပြောရာ၊ ဆိုမိဆိုရာ၊ ပြုမိပြုရာ စိတ်ထင်တိုင်း ပြောဆိုပြုကျင့်ခြင်းကို ထိုတစ္ဆေ၊ မြေဘုတ် ပူးကပ်အပ်သောသူအား တစ္ဆေ၊ မြေဘုတ် ပူးကပ်အပ်သောသူအား တစ္ဆေ၊ မြေဘုတ် ပူးကပ်သည်ရှိသော် ကသောင်းကနင်း

mgyoe.com

mgyoe.com

အရွဲ့အကြမ်း ပရမ်းပတာ ပြောဆိုလိုရာ၊ ပြုကျင့်လိုရာ ပြောဆိုပြုကျင့်ခြင်းကို ကဲ့သို့ မှတ်အပ်၏။

## ဒေါသုမ္မတ္တက

ထိုစကားမှန်၏။ တစ္ဆေ၊ မြေဘုတ် ပူးကပ်သော သူအား အမိအဘ၊ အဘိုးအဘွားကိုမျှ မမှတ်သားနိုင်ဘဲ အရူးမျိုးရှစ်ပါးတွင် ယက္ခုမ္မတ္တကအဖြစ်သို့ ရောက်သကဲ့သို့ ဒေါသကိန်းသောပုဂ္ဂိုလ်အား ဆရာသမား၊ မိဘဘိုးဘွားတို့ကိုပင် စိတ်ထင်တိုင်း ပြောဆိုပြုကျင့်၍ အရူးမျိုးရှစ်ပါးတွင် ဒေါသုမ္မတ္တကအဖြစ်သို့ ရောက်၏။ ဒေါသကိန်းသောပုဂ္ဂိုလ်အား ဒေါသ၏အစွမ်းအားဖြင့် ပရမ်းပတာ ပြုကျင့်ပြောဆိုခြင်းကို တစ္ဆေ၊ မြေဘုတ် ပူးကပ်သောသူအား တစ္ဆေ၊ မြေဘုတ်၏ အစွမ်းအားဖြင့် ပရမ်းပတာ ပြုကျင့်သကဲ့သို့ မှတ်အပ်၏။

## ဝေဿန္တရာမင်းကြီးသော်မှ

ထိုစကား မှန်၏။ မဟောသဓာသုခမိန်၊ ဝိဓုရသုခမိန် အစရှိသည်တို့ကဲ့သို့ သူတစ်ပါးနှင့်မတူ ထူးကဲလွန်သော ဉာဏ်ကြီးဉာဏ်ကျယ် ပုဂ္ဂိုလ်ထူးပင်ဖြစ်သော်လည်း တစ္ဆေ၊ မြေဘုတ် ပူးကပ်သည်ရှိသော် မိလက္ခု ဒွန်းစဏ္ဍားနည်းပါးသော ဘုန်းကံကြောင့် အစေအပါးခံရသော အိမ်ကျွန်ပြည့်ဝ အစရှိသည်တို့ကဲ့သို့ဖြစ်၍ အလိမ္မာဟူသမျှ ပျောက်ပရာသကဲ့သို့ ထို့အတူ ဒေါသကိန်းသည်ရှိသော် သူ့နှယ် ငါ့နှယ် ငယ်ငယ်နှောင်းနှောင်း အသောင်းအဖျင်းတို့ကို မဆိုထားဘိဦး။ သမ္ဘာငုံရင့် ပွင့်လုနီးနီးသော မင်းကြီးဝေဿန္တရာမှသော်လည်း ညစ်ညမ်းလှသော ဇူဇကာ ပုဏ္ဏားအ၏သားတော်၊ သမီးတော်နှစ်ယောက်ကို မျက်မှောက်တော်ရှေ့တွင် မွှေ့ရမ်းဆွဲငင် မမြင်ဝံ့အောင်ပြုခြင်းကြောင့် မြင်ပျင်းတော်မူ၍ မိုက်လှသော ဤပုဏ္ဏားသည် ငါ့အားမထောက် ငါ့ကိုမကြောက် ငါ့မျက်မှောက်တွင် ငါ့ရင်သွေးနှစ်ပါးကို စော်ကားသောင်းကျန်း၊ ပရမ်းပတာ နှိပ်စက်ရာသလောဟု ရောဝဏ်ဆင်မင်း၏ နှာမောင်းကဲ့သို့ လုံးလျောင်းသောလက်ရုံးဖြင့် လက်သုံးတော်ဓားကို အအိမ်မှ နုတ်ယူတော်မူ၍ အထွတ်အထိပ်ဖြစ်သော ဒါနပရမတ္ထ ပါရမီတော်ကို အညှီ

mgyoe.com

အငေါက် စိတ်တော်နောက်အောင် ချောက်ချားနိုင်ချေသေးသည်။ သူ့နှယ်ငါ့နှယ်မှာ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

ရှေးရှေးဘုရားအလောင်း သူတော်ကောင်းတို့သော်မှ ဒေါသမိစ္ဆာနှင့် မကွာနိုင်သေးသည့်အရာကို ငါတို့တစ်တွေ ကလေကဝ လူ့ဗာလတို့မှာ အဘယ်မှာ ကင်းကွာနိုင်အံ့နည်း။ ဤသို့ စိတ်နှလုံးကို တုံးတုံးချ၍ နေခဲ့ကြလျှင် ဒေါသ သဘော တောနှယ်ထ၍ နိရယဂတိ၌ သံမှိုမယ်န စွဲသကဲ့သို့ မြဲကုန်ရာသည်။

## ဆေးဆရာနှင့် ရောဂါသည်

ဥပမာအားဖြင့်…ဆိုသည်ရှိသော် ဆေးသမား ဆေးဆရာမှာ အနာနှင့် မလျော်သော အသပ္ပါယဘောဇဉ်ကို ရံခါရံခါ စားသောက်မိသော်လည်း သူ့ဆေးနှင့် သူ့ရောဂါ ကုလွယ်ပျောက်လွယ်ဖြစ်၍ မထောင်းတာ၊ ကြာမြင့်စွာ ပြင်းပြင်းပြပြ ဒုက္ခဝေဒနာကို မခံစားရလေ။ ငါတို့တစ်တွေမှာကား ဆေးဆရာလည်းမဟုတ်၊ ဆေးဝါးကိုလည်း နားပါးမလည်၊ ဆေးဆရာ သူတစ်ပါးက သနား၍ပေးသော ဆေးကိုလည်းမစား၊ ဒေါသရောဂါ အနာကလည်း အလွန်ပြင်းစွာ ကပ်ရောက်လျက် မလျောက်ပတ်သော ဘောဇဉ်ကိုလည်း အဖန်တလဲလဲ စားသောက်၍ နာလန်မထနိုင်အောင် ရှိကြ၏။ ထို့ကြောင့် အနည်းငယ်မျှ ရောဂါနှင့် လိမ္မာလှစွာသော ဆေးသမားကို ရှေ့သွားပုံစံပြု၍ တုမိချေလျှင် အသချေ်ယျ အနာရောဂါကပ်ရောက်လျက် သေလောက်ရန်အခွင့်ကို မမြင်နိုင်၊ မဆနိုင်ကုန်သော ငါတို့တစ်တွေမှာ ကြာလေကြာလေ ရောဂါအထူးတက်၍ အကုခက်စရာအကြောင်းသာ ရှိချေသည်။

ထို့ကြောင့် ဆေးဆရာကြီးမှာမှ ရံခါရံခါ စွဲကပ်မိအောင် စွဲကပ်နိုင်သော ဒေါသရောဂါသည် ငါတို့မှာဖြစ်လျှင် လွန်စွာပွားများ၍ ကုစားခြင်းငှာ ခဲယဉ်းရာသည်ဟု ဝေးစွာ အသပ္ပါယဘောဇဉ်ကို ရှောင်ကုန်ရာသည်။ အသပ္ပါယဘောဇဉ်ကို မရှောင်၍ ရောဂါကပ်ရောက်လျှင် ဆေးသောက်ရန် အခွင့်ကိုလည်း မသိ၊ ဆေးလည်းမရှိ၊ ကမ္ဘာကြေ၍ အနာမကျေ ဆိုဘိသကဲ့သို့ ရှိရာသည်။

mgyoe.com

## သဝိဋ္ဌက ကျီးဝတ္ထု

ဝတ္ထုပုံစံကို ထုတ်သော်ကား ရေဝယ်ကျက်စားသော ဘုရားအလောင်း ဝီရကမည်သော တင်ကျီးငှက်ကို တုဖက်၍ ရေဝယ်ငါးကို ကိုက်စားဖမ်းယူအံ့သော ငှာ ငုပ်လျှိုးရာတွင် မှော်တိုက်မှော်ရုံဝယ် တိုး၍ ငြိလေရကား ထိုအရပ်ရေတွင်းပင် ခန္ဓာပျက်ပြုန်း၍ ဆုံးရှုံးလေသော ဒေဝဒတ်အလောင်း သဝိဋ္ဌကကျီးကဲ့သို့ လည်း ကောင်း။

## ကဏ္ဍက ခေါက်ရှာငှက်ဝတ္ထု

ရှားတောဝယ် ကျက်စားသော ဘုရားလောင်း ခဒိရမည်သော ခေါက်ရှာ ငှက်ကို တုဖက်၍ အနှစ်အတိပြည့်သော ရှားပင်ကို မဆင်ခြင်ဘဲ နှုတ်သီးဖြင့် ခေါက်လျှင် အောက်မေးကျိုး၍ မြေသို့ လျှောကျပြီးလျှင် ပျက်စီးရှာလေသော ဒေဝဒတ်အလောင်း ကြက်ဆူမြိုင်ဝါးတောဖျား၌ ကျက်စားသော ကဏ္ဍကမည်သော ခေါက်ရှာငှက်ကဲ့သို့ လည်းကောင်း။

## ဇမ္ဗုက မြေခွေးဝတ္ထု

ဘုရားလောင်း ခြင်္သေ့မင်းကို ခြေလေးဖက်ချင်းတူသည်ဟု မထီလေးစား ပျံလွှားတန်ဆောင် မာနထောင်သဖြင့် ဆင်ပြောင်ကို ဖမ်းအံ့သောငှာ တောင်ထိပ်က ခုန်လျှင် ဆင်၏ခြေရင်းမှာ နင်းပါတော့ဟု ခွင့်ပြုဘိသကဲ့သို့ဖြစ်၍ ဆင်ပြောင် နင်းရာ ထိုအရပ်တွင်ပင် မုန့်မုန့်ညက်ညက်ကြေ၍ သေဆုံးလေသော ဒေဝဒတ် အလောင်း ဇမ္ဗုကမြေခွေးကဲ့သို့လည်းကောင်း သတ္တဝါတူ၍ လူချင်းပင်တူသော် လည်း ရင့်မာပြီးသော ပါရမီတော်ရှင် ဆေးဝါးပယောဂ စုံလင်၍ သိမြင်တတ် မြောက်သော ဆေးဆရာကို ငါတို့တစ်တွေက တုဖက်၍ အမျက်ဒေါသကို လက်မခံ ကုန်ရာ။ ပါရမီရှင်မှ မစောင့်မချုပ်နိုင်သော ဒေါသကို ငါတို့အား အဘယ်မှာ ပယ်နိုင်အံ့နည်း ဖြစ်စေ၊ ရှိစေဟု မထီမဲ့မမြင်ကုန်ရာ။

ထိုစကား မှန်၏။ ဘုရားလောင်းကဲ့သို့ ငါတို့တစ်တွေအား သားသမီးကို လျှုနိုင်ကြသေးသည်လည်း မဟုတ်။ အကယ်၍ပင် လျှုနိုင်စေကာမူ ဇူဇကာပုဏ္ဏား

mgyoe.com

ကဲ့သို့ စော်ကားရိုင်းပြသောသူသည် ဆောင်ယူရိုက်နှက်လျှင် သန်လျက်ကိုနုတ်ရုံမျှဖြင့် ရောင့်ရဲတင်းတိမ်၍ ဆုတ်နိုင်ကြမည်လည်း မဟုတ်။ ထို့ကြောင့် ပါရမီရင့်ညောင်းသော အလောင်းတော်ကို တုဖက်၍ လက်ခံသော်ကောဟု ဒေါသကို မသိမ်းပိုက်ကုန်ရာ။

## မီးသွေးပမာ

ဤသို့လျှင် ဒေါသအရုပ်ဆိုး၍ ဒေါသဥပါဒ်သောသူသည် အရုပ်ဆိုး၏။ ကြမ်းတမ်း၏ဟု သိအပ်၏။ ဥပမာ...အဘယ်ကဲ့သို့ နည်းဟူမူကား မင်ရောင်မီးသွေးနှင့် ပေါင်းယှဉ်မိသော အဝတ်ပုဆိုး စသော ဝတ္ထုသည် မည်းနက်လေသကဲ့သို့တည်း။ ထိုစကား မှန်၏။ မီးသွေးသည် မိမိသဘောအားဖြင့် ဖြူစင်လျက်ပေါင်းယှဉ်ခိုမိသော ဝတ္ထုကိုသာ မည်းနက်စေတတ်သည်မဟုတ်။ စင်စစ်သော်ကားမိမိက မည်းနက်သောကြောင့် မိမိနှင့်ယှဉ်သော ဝတ္ထုကိုလည်း မည်းနက်စေ၏။

ထို့အတူ ဒေါသသည်လည်း မိမိက အဆင်းမလှ ကြမ်းတမ်းရုန့်ရင်းသောသဘောရှိသည်ဖြစ်၍ မိမိနှင့် ပေါင်းယှဉ်မိသော ပုဂ္ဂိုလ်ကိုလည်း အရုပ်ဆိုးအောင်၊ အဆင်းတန်အောင်၊ ကြမ်းတမ်းအောင် ပြုတတ်၏။ ထို့ကြောင့် ဒေါသကို ဗျာပန္နဟူ၍လည်းကောင်း၊ စဏ္ဍိက္ကဟူ၍လည်းကောင်း ဆိုအပ်၏။ ဒေါသ၊ ဥပါဒ်လာသည်ရှိသော် သူတစ်ပါးတို့နှင့်လည်းကောင်း၊ မဂ်ဖိုလ်ဓမ္မနှင့်လည်းကောင်း မလျော်လေသည်သာဘည်း။ ထို့ကြောင့် ဒေါသကို ဝိရောဓဟူ၍လည်းကောင်း၊ ပဋိဝိရောဓဟူ၍လည်းကောင်း ဟောတော်မူ၏။

## စကားမစုံ ဒေါသူပုန်

ဒေါသဥပါဒ် လာသည်ရှိသော် ဤလောက၌ သတ္တဝါတို့သည် အလွန်ဆန်းကြယ်သောစကားကို ပြောဆိုတတ်သော်လည်းကောင်း၊ သူတစ်ပါးတို့ကြားလျှင်နားချမ်းသာအောင် ပြောဆိုတတ်သော်လည်းကောင်း၊ အတတ်ပညာ လိမ္မာဟူသမျှကုန်ခန်း၍ ရှေ့မှန်း၊ နောက်မှန်းမသိ ပြောမိပြောရာ ပြောဆိုတတ်ကုန်၏။ ပြောဆိုလိုသော စကားကိုမျှ ကုန်စင်အောင် မပြောဆိုနိုင်ကုန်။ ထို့ကြောင့် ဒေါသကို

mgyoe.com

အပရိ ပုဏ္ဏဝစနဟူ၍လည်းကောင်း၊ ဒုရုတ္တဟူ၍လည်းကောင်း ဟောတော်မူအပ်၏။ ထို့ကြောင့် အဋ္ဌကထာ၌...

ဟိသစ္စံ၊ မှန်၏။ ကုဒ္ဓကာလေ၊ အမျက်ထွက်သောအခါ၌။ ပရိပုဏ္ဏဝစနံ-နာမ၊ ပြည့်စုံစွာ ပြောဆိုနိုင်သော စကားမည်သည်။ နတ္ထိ၊ မရှိ။ ကဿစိ၊ တစ်စုံတစ်ယောက်သောသူအား။ ပရိပုဏ္ဏဝစနံနာမ၊ ပြည့်ပြည့်စုံစုံ ပြောဆိုနိုင်သော စကားမည်သည်။ သစေပိဟောတိ၊ အကယ်၍ ရှိသည်ဖြစ်အံ့။ တံ၊ ထိုသို့ တလေတစ်ယောက်အား စကားပြည့်စုံခြင်းသည်။ အပ္ပမာဏံ၊ ပမာဏမဟုတ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ အပ္ပကတ္တာ၊ တလေတစ်ယောက်မျှသာဖြစ်သောကြောင့်တည်း။ ဝါ၊ တစ်ရာတွင်တစ်ယောက်၊ တစ်ထောင်တွင်တစ်ယောက်မျှသာ ဖြစ်လေသောကြောင့်တည်း။ ဤသို့ အဋ္ဌကထာဆရာ မိန့်အပ်၏။

## မိမိစိတ်မဟုတ်

ဒေါသဥပါဒ်သည်ရှိသော် သတ္တဝါတို့အား မျက်ရည်ကို ယိုစီးစေတတ်သောကြောင့် အဿုရောပဟူ၍လည်း ဟောတော်မူအပ်၏။ ဒေါသနှင့်ယှဉ်သော စိတ်သည် မိုရာပုဂ္ဂိုလ်၏ အကျိုးမဲ့ကို ပြုတတ်သောကြောင့် မိမိစိတ်မဟုတ်လေရကား ဒေါသကိုလည်းကောင်း၊ ဒေါသနှင့်ယှဉ်သောစိတ်ကိုလည်းကောင်း၊ အနတ္တ-မနဟူ၍ ဆိုအပ်၏။ ထိုစကားမှန်၏။ မိမိအကျိုးမဲ့ကို ပြုကျင့်သည်ဖြစ်လျှင် မိမိဥစ္စာ၊ မိမိသန္တကဟူ၍ မဆိုအပ်ပြီ။

## ရန်သူပမာ

ဥပမာအားဖြင့် ဆိုသည်ရှိသော် မိမိ၏အစေခံ ကျွန်ပင်ဖြစ်သော်လည်း ခိုးသူရန်သူလက်သို့ရောက်၍ ခိုးသူရန်သူ၏စကားကို နားပါးဝင်၍ မိမိအကျိုးမဲ့ကို ပြုကျင့်သည်ရှိသော် မိမိဥစ္စာဟူ၍ မဆိုအပ်သကဲ့သို့တည်း။ ဤဥပမာ၌ ဒေါသကိန်းသောပုဂ္ဂိုလ်ကား မူလဥစ္စာရှင်နှင့်တူ၏။ ဒေါသသည် ခိုးသူရန်သူနှင့် တူ၏။ ဒေါသနှင့်ယှဉ်သော စိတ်သည်ကား ခိုးသူရန်သူ၏ လက်သို့ရောက်၍ ခိုးသူရန်သူ

mgyoe.com

mgyoe.com

၏စကားကို နာယူပြီးလျှင် မူလဥစ္စာရှင်၏ အကျိုးမဲ့ကိုပြုကျင့်သော အစေခံကျွန်နှင့် တူ၏။

## လေပင့်သည့် မီးပမာ

ဒေါသသည်လည်း ဝါယုသခမည်သော မီးနှင့်တူသောကြောင့် ဝါယုသခဟူ၍လည်း ဆိုအပ်၏။ အဘယ်သို့လျှင် ဒေါသသည် ဝါယုသခမည်သောမီးနှင့် တူသနည်းဟူမူကား ဤလောက၌ မီးသည် လေလျှင် အပေါင်းအဖော်ရှိသောကြောင့် ဝါယုသခ မည်၏။

**(အဿ၊ ထိုမီးအား။ ဝါယု၊ လေဟုဆိုအပ်သော။ သခါ၊ အပေါင်းအဖော်သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော၊ ထိုမီးသည်။ ဝါယုသခေါ၊ ဝါယုသခ မည်၏)။**

ဤသို့လျှင် ကမ္ဘာဦးသူ လူပညာရှိတို့သည် မီးကို လေလျှင် အပေါင်းအဖော်ရှိသောကြောင့် ဝါယုသခဟူ၍ ဆိုအပ်၏။ ထိုစကား မှန်၏။ မီးသည် လေကို အမှီရလျှင် စည်ပင်ပြန့်ပွား ကြီးမားခြင်းသို့ ရောက်၏။ ထို့အတူ ဒေါသတည်းဟူသော မီးသည်လည်း မာနကို အမှီရလျှင် စည်ပင်ပြန့်ပွား ကြီးမားခြင်းသို့ ရောက်၍ သတ္တဝါတို့၏ အကျိုးစီးပွားကို အတိုင်းထက်အလွန် ပျက်စီးစေတတ်၏။ မာနကို အမှီရသော ဒေါသသည် အတိုင်းထက်အလွန် ခက်ထန်၏။ ပြေပျောက်ခြင်းငှာ ခဲယဉ်း၏။ လွန်စွာ စွဲလမ်း၏။

## အိမ်ပုံးရည်ပမာ

ဤလောက၌ အိမ်ပုန်းရည်သည် ကြာလေကြာလေ ချဉ်စပ်သော အရသာကို ဖြစ်စေသကဲ့သို့ ဒေါသသည်လည်း အကျိတ်အခဲ အမြဲတည်လျက် ဒေါသအားကြီးလှသည်ဖြစ်၍ ရန်ငြိုးဖွဲ့ခြင်း၊ ဥပနာဟ သဘောသို့ရောက်၏။ ထိုအခြင်းအရာစကားအကျယ်ကို အထက်ဒေါသ၏ အပြစ်ကိုဆိုရာ ဒုတိယ ပရိစ္ဆေဒသို့ရောက်ခါမှ ဆိုအံ့သတည်း။

mgyoe.com

ဤတွင်ရွေ့ကား ဒေါသ၏ ဝစနတ္ထနှင့်တကွ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် ဒေါသ၏ အမည်အထူးအပြားတို့ကို ပြဆိုရာ ပဌမ ပရိစ္ဆေဒ အပြီးအဆုံးသို့ ရောက်၏။

---

## ၃။ ဒေါသ၏ဖြစ်ကြောင်း သမုဋ္ဌာန်ကိုပြဆိုရာ ဒုတိယ ပရိစ္ဆေဒ

### အနိဋ္ဌာရုံကြောင့် ဒေါသဖြစ်

ဤယခုအခါ၌ ဒေါသဖြစ်ကြောင်း သမုဋ္ဌာန်ကို ပြဆိုအံ့။ ဒေါသဟူသည် အဘယ်အကြောင်းကြောင့် ဖြစ်သနည်းဟူမူကား အနိဋ္ဌာရုံကြောင့် ဖြစ်၏။ အနိဋ္ဌာရုံဟူသည်လည်း ရူပါရုံ၊ သဒ္ဒါရုံ အစရှိသော အာရုံခြောက်ပါးပင်တည်း။ ထိုအာရုံခြောက်ပါးသည်ပင်လျှင် ဣဋ္ဌသဘောအားဖြင့်ဖြစ်သော လောဘကိုဖြစ်စေ၏။ အနိဋ္ဌသဘောအားဖြင့်ဖြစ်သော ဒေါသကို ဖြစ်စေ၏။ သည်ကိုရည်၍ ရှေးဆရာတို့လည်း...

သြဃာသဝ၊ ဂန္ထမကင်း၊ မှောင်ညဥ့်တွင်း၌၊ အလင်းမယှဉ်၊ ပုထုဇဉ်တို့၊ ဝိညာဉ်ခြောက်ပါး၊ မပြတ်သွားသား၊ တံခါးလဟာ၊ ခြောက်မျက်နှာ၌၊ ရူပါရမဏ၊ စသည်အာရုံ၊ ခြောက်ခုကြုံသော်၊ နှိုင်းပုံသွယ်ချ၊ ဇလူကနှင့်၊ ဃောရဝိသော၊ မျှော့မြွေဟောသား၊ မက်မောလောဘ၊ မျက်ဒေါသအား၊ ဟန့်တားပညာ၊ တည်းကွပ်နာ၍၊ ဒွါရာဓိပတိ၊ မျက်စိမကြွင်း၊ စိုးနှိပ်နင်း၍၊ မင်းဟုဖြစ်ပြီး၊ တရားထီးကို၊ မငြီးငွေ့ဘဲ၊ ဆောင်းထွေမြဲလျက်၊ ဆင်းရဲဟူသည်၊ နေပူမိုးစွတ်၊ ရှင်းရှင်းလွတ်လျက်၊ တိလက္ခဏာ၊ ယာဉ်စကြာဖြင့်၊ ချမ်းသာနေပိုင်၊ ကောင်းဆုံးတိုင်သား၊ ကမ်းခိုင်မြေကျွန်း၊ ခေမာကျွန်းသို့၊ ကူးသန်းနိုင်ကြောင်း၊ ဆုမွန်တောင်းသည်၊ မျိုးပေါင်းပရိသတ်၊ အို...သူမြတ်တို့ဟူ၍ စပ်ဆိုကြ၏။

mgyoe.com

## မျှော့နှင့် မြွေပမာ

ဤလက်ာဝယ် ဇလူကသဒ္ဒါကား…သတ္တဝါတို့ကို တွယ်၍ သွေးသံကို စုတ်ယူတတ်သောမျှော့ကို ဟော၏။ ဃောရဝိသ သဒ္ဒါကား…အဆိပ်ထန်သော မြွေကို ဟော၏။ လောဘသည်ကား မျှော့နှင့်တူ၏။ ဒေါသသည်ကား အဆိပ်ထန်သောမြွေနှင့် တူ၏ဟု ဆိုလိုသည်။ ထိုသို့ ရှေးသူဟောင်းတို့ ဆိုခြင်းသည်လည်း ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်တို့၌လာသော အနက်သဘောကို ယူ၍ဆိုသည်။ အလိုအလျောက် စပ်ဆိုကြသည်မဟုတ်။

ထို့ကြောင့် ရှေးသူဟောင်းတို့ စကားဖြင့်လည်း မြတ်စွာဘုရားသခင်၊ အဋ္ဌကထာ၊ ဋီကာဆရာမြတ်တို့၏ အလိုတော်ကို မြော်မြင်မှတ်သိရ၏။ ထို့ကြောင့် ရကား အကြားအကြား၌ ရံခါရံခါ ရှေးသူဟောင်းတို့၏ တရားနှင့်စပ်သော သံဝေဇနီယ စကားများကိုလည်း သွတ်သွင်း၍ ပြအပ်သတည်း။ သည်ကိုရည်၍ ၄င်းရှေးသူဟောင်းတို့သည်ပင်လျှင်…

မစ္ဆေပိတ်သို၊ ငါ့ကိုကော်ရော်၊ မကြည်သော်လည်း၊ ရှင်တော်ဟောတူ၊ လေးမြတ်မူ၍၊ အယူပြတ်ပြတ်၊ နာထွေတတ်က၊ ကျိုးကြီးရလိမ့်ဟူ၍ စပ်ဆိုလေကုန်သည်။

## အိမ်ကိုလုံအောင် မိုးသည့်ပမာ

အနိဋ္ဌဖြစ်သော အာရုံခြောက်ပါးသည်ပင်လျှင် ဒေါသဖြစ်ခြင်း၏အကြောင်း သမုဋ္ဌာန်မည်၏။ ဒေါသကို မဖြစ်စေခြင်းငှာ အနိဋ္ဌာရုံကို တားမြစ်ခြင်းသည် အရာမဟုတ်။ အနိဋ္ဌာရုံကို တားမြစ်သော်လည်း ဤလောက၌ သတ္တဝါတို့၏ အလေ့အကျက်သဘော ဓမ္မတာအားဖြင့် အခါခပ်သိမ်း တားမြစ်နိုင်မည်မဟုတ်။ ဥပမာအားဖြင့် ဆိုသည်ရှိသော် အခါအခါ ရွာနေကျမိုးကို မရွာလင့်ဟူ၍ တားမြစ်ခြင်းငှာ အရာမဟုတ်။ မိုးမစွတ်အောင် နေလိုလျှင် မိမိအိမ်ကိုသာ လုံခြုံစွာ မိုးကာ၍ နေရာသကဲ့သို့ ထို့အတူ အနိဋ္ဌာရုံတည်းဟူသော မိုးရွာလျှင် ပညာရှိတို့အား မရွာအောင်မပြု၊ ပြု၍လည်းမဖြစ်၊ ဒေါသတည်းဟူသော မိုးရေဖြင့် မစွတ်လိုလျှင် မိမိစိတ်အစဉ်ဟူသော အိမ်ကိုသာလျှင် လုံခြုံအောင် မိုးကာ၍ နေကုန်ရာ၏။ ဤကား ပညာရှိတို့၏ တံထွာဓမ္မတာသဘောတည်း။

mgyoe.com

mgyoe.com

### အစေးပမာ

ဥပမာအားဖြင့် ဆိုသည်ရှိသော် ဤလောက၌ ဓား၊ သန်လျက်ဖြင့် သဘော်၊ ကြက်ဆူ၊ လက်ပံမြိုင်၊ ဝါး အစရှိကုန်သော သစ်ပင်တို့ကို ခုတ်ထစ်လျှင် လျင်မြန်စွာ အစေးထွက်လွယ်၏။ ထွက်သောအစေးလည်း ကုန်ခန်းလွယ်၏။ ရှား၊ အင်ကြင်း အစရှိကုန်သော သစ်ပင်တို့၏အစေးကား ထွက်ခဲ၏။ ထွက်လျှင်လည်း ပျောက်နိုင်၏။ ခြောက်ကုန်သော သစ်ပင်တို့မှာကား ဓား၊ သန်လျက်ဖြင့် အချက် အရာ၊ အထောင်ပင် ခုတ်ထစ်ငြားသော်လည်း အစေးမထွက်ပြီ။

ထို့အတူ ဤလောက၌ ဤလူအပေါင်းတို့တွင် အချို့အချို့ပုဂ္ဂိုလ်တို့သည် တစ်ခုတစ်ခု အနိဋ္ဌာရုံဖြင့် ထိပါးလတ်သည်ရှိသော် အမြင်မကောင်းအောင် ဒေါသ တည်းဟူသော အစေးသည် ထွက်လွယ်၏။ ထွက်ပြီးလျှင် ငြိမ်းလွယ်၊ ပျောက်လွယ်၏။ အချို့အချို့ ပုဂ္ဂိုလ်တို့အား တစ်စုံတစ်ခု အနိဋ္ဌာရုံဖြင့် ထိပါးလတ်သည်ရှိသော် ဒေါသတည်းဟူသော အစေးသည် ထွက်ခဲ၏။ ထွက်သော်လည်း ဖြည်းဖြည်း ညင်းညင်း ထွက်၏။ ထွက်ပြီး၍လည်း ပြေပျောက်နိုင်ခဲ၏။

ရဟန္တာ အရှင်မြတ်တို့မှာကား...အနိဋ္ဌာရုံဖြင့် ကြံကြိုက်၍ အကြိမ်ကြိမ် အဖန်ဖန် ထိပါးလာသော်လည်း ဒေါသတည်းဟူသော အစေးသည် မဖြစ်ပြီ။ ထိုစကားကို အကျယ်ချဲ့၍ ဆိုဦးအံ့။ ဤလောက၌ သတ္တဝါတို့အား အမျက်ထွက်လွယ်သည်ရှိသော် များသောအားဖြင့် ငြိမ်းလွယ်သည်သာတည်း။ အမျက်ထွက်ခဲသည်ရှိသော် များသောအားဖြင့် မငြိမ်းနိုင်သည်သာတည်း။

### ရာဂဒေါသဖြစ်ကြောင်းနှစ်ပါး

ထိုမှတစ်ပါး ရာဂဖြစ်ခြင်း၏ အကြောင်းတရား နှစ်ပါးပြားဟန်နှင့်တကွ ဒေါသဖြစ်ခြင်း၏ အကြောင်းတရားနှစ်ပါး ပြားဟန်ကို။

ဘိက္ခဝေ၊ ရဟန်းတို့။ ရာဂဿ၊ ရာဂ၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှာ။ ပစ္စယာ၊ အကြောင်းတို့ကား။ ဣမေဒွေ၊ ဤနှစ်ပါးတို့တည်း။ ဒွေ၊ နှစ်ပါးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့ နည်းဟူမူကား။ သုဘနိမိတ္တဥ္စ၊ တင့်တယ်လှပ လျောက်ပတ်၏ဟု အမှတ်အထင် လွဲသောအားဖြင့်ဖြစ်သော သုဘအာရုံလည်း

mgyoe.com

mgyoe.com

ကောင်း၊ အယောနိသောမနသိကာရေဝစ၊ မသင့်မတင့် နှလုံးသွင်းခြင်းလည်းကောင်း၊ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်။ ရာဂဿ၊ ရာဂ၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှာ။ ပစ္စယာ၊ အကြောင်းတို့ကား။ ဣမေဒွေ၊ ဤနှစ်ပါးတို့တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒေါသဿ၊ ဒေါသ၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှာ။ ပစ္စယာ၊ အကြောင်းတို့ကား။ ဣမေဒွေ၊ ဤနှစ်ပါးတို့တည်း။ ကတမေဒွေ၊ အဘယ် နှစ်ပါးတို့နည်းဟူမူကား။ ဣမေဒွေ၊ ဤနှစ်ပါးတို့တည်း။ ကတမေဒွေ၊ အဘယ် နှစ်ပါးတို့နည်းဟူမူကား။ ပဋိဃနိမိတ္တဉ္စ၊ မနှစ်သက်အပ်သော အနိဋ္ဌာရုံလည်း ကောင်း။ အယောနိသော မနသိကာရေဝစ၊ မသင့်မတင့် နှလုံးသွင်းခြင်းလည်း ကောင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်။ ဒေါသဿ၊ ဒေါသ၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှာ။ ပစ္စယာ၊ အကြောင်းတို့ကား။ ဣမေဒွေ၊ ဤနှစ်ပါးတို့တည်း။

## ယောနိသောမနသိကာရ

ဤသို့လျှင် ရာဂ၊ ဒေါသတို့၏ ဖြစ်ကြောင်းတရား နှစ်ပါးပြားဟန်ကို သူငါတစ်တွေ ဝေနေယျတို့အား ဟောကြားညွှန်ပြ ဆုံးမတော်မူသည်။ ဤသို့လျှင် သံသရာဝဋ်ဆင်းရဲ၌ နစ်မွန်းမျောပါးကုန်သော ဝေနေယျသတ္တဝါတို့အား ကုသိုလ် ကံ၊ အကုသိုလ်ကံ နှစ်ပါးတို့နှင့် တကွသာလျှင် ဖြစ်ကုန်၏။ ထိုကုသိုလ်ကံ၊ အကုသိုလ်ကံ နှစ်ပါးတို့တွင် ကုသိုလ်ကံသည်ကား သတ္တဝါတို့ကို ချမ်းသာအောင် ပြုပြင်စီရင်တတ်၏။ အကုသိုလ်ကံသည်ကား သတ္တဝါတို့ကို ဆင်းရဲအောင် ပြုပြင် စီရင်တတ်၏။ ထိုကုသိုလ်ကံ၊ အကုသိုလ်ကံ နှစ်ပါးတို့တွင် ကုသိုလ်ကံအား ယောနိသောမနသိကာရလျှင် ရှေ့သွားဦးကိုင် အချုပ်အချာဖြစ်၏။ အကုသိုလ်ကံအား အယောနိသောမနသိကာရလျှင် ရှေ့သွားဦးကိုင် အချုပ်အချာဖြစ်၏။

အလုံးစုံကုန်သော ကုသိုလ်တရားတို့ကို ဖြစ်ပွားစေလိုလျှင် ကုသိုလ်တရား တို့၏ မိုလ်မှူး၊ မိုလ်ချုပ်သဖွယ်ဖြစ်သော ယောနိသောမနသိကာရကို ဆုလာဘ် ကံကျေးများစွာပေး၍ အရေးယူရာ၏။ အကုသိုလ်တရားတို့ကို ပယ်ရှားနှိပ်စက် လိုလျှင် အကုသိုလ်တရားတို့၏ မိုလ်ချုပ်၊ မိုလ်မှူးသဖွယ်ဖြစ်သော အယောနိ- သောမနသိကာရကို ဖမ်းဆီး နှိပ်စက်ကုန်ရာသည်၊ အယောနိ သောမနသိကာရကို

mgyoe.com

mgyoe.com

မပယ်မဖျောက်နိုင်က ထိုထိုအကုသိုလ် တရားတို့ကို ပယ်ရှားနိုင်၏ဟု ဆိုအပ်သော်လည်း အမြစ်အရင်း မသေသောအနာကဲ့သို့ အသပ္ပါယ အာရုံနှင့် တွေ့ကြုံလျှင် တလုံလဲလဲ မစဲမငြိမ် ကြိမ်ဖန်များစွာ ဖြစ်မြဲ၊ ကျမြဲ၊ ပေါက်မြဲ ဖြစ်အံ့သည်သာတည်း။

## ပရိကပ္ပအနိဋ္ဌာရုံ

အနိဋ္ဌာရုံဟူသည်လည်း သဘောအားဖြင့်ဖြစ်သော အနိဋ္ဌာရုံကိုသာ မယူရာ၊ သညာဝိပလ္လာသအားဖြင့်ဖြစ်သော အနိဋ္ဌာရုံကိုလည်း ယူရာ၏။ ထိုစကားမှန်၏။ မစင်ဘင်ပုပ်သည် အနိဋ္ဌာရုံပင် မှန်သော်လည်း တိရစ္ဆာန် ခွေးသတ္တဝါတို့အား ဣဋ္ဌာရုံကဲ့သို့ ထင်ကုန်၏။ ဘုရား အစရှိသော အာရုံသည် အတိဣဋ္ဌာရုံ အစစ်သဘောအားဖြင့်ဖြစ်သော်လည်း ဗာဟိရတိတ္ထိတို့အား အနိဋ္ဌာရုံကဲ့သို့ ထင်၍ ဒေါသဖြစ်ကုန်၏။ ထို့ကြောင့် မိမိ…မိမိတို့၏ထင်ရာ အနိဋ္ဌာရုံကို ဤအရာ၌ အလိုရှိအပ်၏။

တစ်စုံတစ်ခု အနိဋ္ဌာရုံဖြင့် တွေ့ကြုံလာလျှင် အမျက်ဒေါသ ဉပါဒ်လာကုန်၏။ ထိုသို့ ဉပါဒ်လာခြင်းသည်လည်း မိမိကိုယ်ကို တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် စွဲလမ်းသဖြင့်သာလျှင် ဉပါဒ်လာ၏။ ထိုစကားမှန်၏။ တစ်စုံတစ်ခု အနိဋ္ဌာရုံဖြင့် တစ်စုံတစ်ယောက်သောသူက ထိပါးလာသည်ရှိသော် ဤသူများသည် ငါ့ကို ဆဲရေးရေရွတ်ရာသလော၊ ငါ၏ဆံပင်ကို ငင်ရာသလော၊ ငါ၏ခြေကို၊ လက်ကို ဖက်ရမ်းဆွဲငင်ရာသလောဟု ဒေါသအမျက်သည် မာနနှင့်ဖက်၍ အတိုင်းထက်အလွန်များပြားစည်ပင်၏။

## နေနှင့်လ

ဤအရာဝယ် ဉပမာဖြင့် ထင်ရှားစွာ ဒေါသတရားကို ပယ်ရှားလိုကုန်သော ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်မြတ်တို့၏အလို့ငှာ ပြဆိုဦးအံ့။ ဤလောက၌ အကျိုးအကြောင်း မသိ အလွန်မိုက်မဲ တွေဝေလှကုန်သော သူငယ်နှစ်ယောက်တို့သည် ရှိကြကုန်သတတ်။ ထိုသူငယ်နှစ်ယောက်တို့သည် လဆုတ်ပက္ခအထွက် တစ်ရက်၊ နှစ်ရက်၊

mgyoe.com

mgyoe.com

သုံးရက်နေ့များ၌ ပျော်ပါးမြူးခုန်ကြလျက် ညချမ်းဆည်းဆာ ရောက်ခါလုနီးနီး အချိန့်တွင် တစ်ယောက်သောသူငယ်က အတ္တဂ်မ တောင်သို့ရောက်၍ ဝင်လုဆဲဆဲသော နေကိုမြင်လျှင် ငါ၏နေ လှပ၏လော၊ တင့်တယ်၏လောဟု ဆို၏။ တစ်ယောက်သောသူငယ်ကလည်း အရှေ့မျက်နှာ ဥဒည်းပြုဗ္ဗာမှ ထွက်ပြူလာသော လမင်းကို မြင်၍ သင်၏နေသာလျှင် လှပသလော၊ ငါ၏ လကား မလှပသလော၊ သင်၏နေသာ တင့်တယ်သလော၊ ငါ၏လကား မတင့်တယ်သလောဟု ဆို၏။ ထိုအခါ ပဌမသူငယ်က နင်၏လဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ငါ၏ နေဖြင့်သာလျှင် သတ္တဝါအပေါင်းတို့သည် ထိုထိုအမှုကိစ္စကို ပြုလုပ်သွားလာ နေထိုင်ကြရကုန်၏။ ငါ၏နေဝင်မှ နင်၏လသည် တောက်ပနိုင်၏။ နင်၏လကား အဘယ်လနည်း။ ကလေကဝ အသုံးမကျသော လတည်းဟု ဆိုပြန်၏။ တစ်ယောက်သောသူငယ်ကလည်း နင်၏နေကား ပူပန်စေတတ်၏။ ငါ၏လကား ချမ်းအေးစေတတ်၏။ နင်၏နေကား အဘယ်နေနည်း၊ အဘယ်အကျိုးရှိသနည်းဟု ဆိုပြန်၏။

ဤကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် အကျောက်အကန် အခြေအတင် ပြောဆိုကြသဖြင့် နေကို ငါ၏ဥစ္စာဟု စွဲလမ်းသော သူငယ်က လကို ဆဲရေးရေရွတ် ပုတ်ခတ်၏။ လကို ငါ၏ဥစ္စာဟု စွဲလမ်းသော သူငယ်ကလည်း နေကို ဆဲရေးရေရွတ် ပုတ်ခတ်၏။ ဤသို့ အချင်းချင်း မခံချိနိုင်သည်ဖြစ်၍ နေသူငယ်က လကို လသူငယ်က နေကို ဆဲရေးရေရွတ် ပုတ်ခတ်ကြသော်လည်း နေ၊ လကို မထိ၊ နေ၊ လမှာ အတွက်မရှိ၊ ချင်းတို့မှာသာ အကျိုးမဲ့ပင်ပန်းခြင်းသို့ ရောက်ကုန်၏။ ထိုသူငယ်တို့အား နေနှင့်လကို ငါ့ဥစ္စာဟူ၍ စွဲလမ်းကြသော်လည်း နေ၊ လနှင့် တစ်စုံတစ်ခု စပ်ဆိုင်ရသည်မဟုတ်။

ထိုစကားမှန်၏။ ထိုသူငယ်တို့သည် ငါ၏နေ၊ ငါ၏လဟူ၍ အစိုးတရ မထွက်ပါလင့်ဦး၊ မဝင်ပါလင့်ဦး၊ မသွားပါလင့်ဦး၊ မြန်မြန်ထွက်ပါ၊ မြန်မြန်ဝင်ပါ၊ မြန်မြန်သွားပါ။ ဤသို့ စသည်ဖြင့် မတောင်းပန်၊ မတိုက်တွန်းနိုင်ကုန်။ စင်စစ်သော်ကား ထွက်မြဲ၊ ဝင်မြဲ၊ သွားမြဲဖြင့်သာလျှင် ထွက်၊ ဝင် သွားလာကုန်၏။ နေ၊ လတို့က ငါ့သူငယ်၊ ငါ့အရှင်ဟူ၍ အနည်းငယ်မျှ မှတ်သားခြင်းမရှိ။ သူငယ်အမိုက်တို့ကသာလျှင် မောဟဖုံးလွှမ်း၍ စွဲလမ်းကြကုန်၏။

mgyoe.com

mgyoe.com

## ဗာလနှင့် အတိဗာလ

နေကိုစွဲလမ်း၍ ရှေးဦးစွာ အမျက်ထွက်သော သူငယ်ကို မိုက်မဲတွေဝေသောကြောင့် ဗာလသူငယ်ဟု ဆိုအပ်၏။ နောက်တစ်ဖန် လကို စွဲလမ်း၍ အမျက်ထွက်သော သူငယ်ကို အလွန်မိုက်မဲတွေဝေသောကြောင့် အတိဗာလသူငယ်ဟု ဆိုအပ်၏။ ထိုစကားမှန်၏။ ရှေးဦးစွာ မီးကျီးစုကို နင်းမိ၍ မချိမဆန့် ပူလောင်သောသူကို မြင်လျက် နောက်တစ်ဖန် မီးကျီးစုကို နင်းပြန်သောသူကို အလွန်မိုက်မဲတွေဝေ၏ဟု ဆိုအပ်သကဲ့သို့ ထို့အတူ ရှေးဦးစွာ အမျက်ထွက်၍ မချိမဆန့် ဆင်းရဲသောသူကို မြင်လျက် တစ်ဖန် အမျက်ထွက်ပြန်သောသူကို အလွန်မိုက်မဲတွေဝေ၏ဟု ဆိုအပ်၏။

ထို့ကြောင့် နေကိုစွဲလမ်းသောသူငယ်ကို ဗာလဟူ၍ ဆိုအပ်၏။ လကို စွဲလမ်းသောသူငယ်ကို အတိဗာလဟူ၍ ဆိုအပ်၏။ ဤလောက၌ လူတို့ အထင်အမြင်အားဖြင့်ကား ပထမ စတင်၍လွန်ကျူးသောသူကို နောက်က ထပ်၍ လွန်ကျူးသော သူ့ထက် မိုက်မဲတွေဝေဟန်ဖြင့် ထင်ကြ၏။ ယခင်လူအား မင်းပြစ်မင်းဒဏ်သင့်သော်လည်း အားကြီးစွာထင်၏။ ထိုသို့ လောက၌ လူတို့၏ အထင်အမြင်အားဖြင့် အပြစ်ကြီးဟန်ကဲ့သို့ဖြစ်သော်လည်း ဓမ္မတာအားဖြင့် ရှေ့လူဗာလထက် နောက်လူ အတိဗာလဖြစ်သည်သာတည်း။

## ငါးနှစ်ကောင်နှင့် လိပ်ဝတ္ထု

ထို့အတူ ဤလောက၌ သတ္တဝါအပေါင်းတို့သည် အချင်းချင်း ခိုက်ရန်ဖြစ်ပွားကြသည်ရှိသော် ခန္ဓာငါးပါးကို ငါ၏ဥစ္စာဟူ၍ စွဲလမ်းပြီးလျှင် ဂင်္ဂေယျဇာတ်၏ ပစ္စုပ္ပန်ဝတ္ထု အတ္တုပ္ပတ္တိ၌ သူလှသည်၊ ငါလှသည်ဟု ငြင်းခုန်ကြ၍ ခိုက်ရန်ဖြစ်ပွားကြသည်ရှိသော် အနီးအပါးတွင်နေသော ဝုဒ္ဓပဗ္ဗဇိတ ကြီးမှ ရဟန်းပြုရသော သက်ကြီးရွယ်ရင့် ရဟန်း၏အထံ အယူခံကြကုန်သော ရဟန်းငယ်နှစ်ပါးတို့၏ တရားကို ကောက်ရာယူရာ ထိုသက်ကြီးရွယ်ရင့် ရဟန်းက သင်တို့နှစ်ဦးမှာ ငါ သာ၍လှသည်ဟု သုံးဦးသုံးဖလှယ် ငြင်းခုန်သည်ဟူ၍ အချင်းချင်းဆဲရေးရေရွတ်ကြရာ မြတ်စွာဘုရားသခင် ရွှေနားတော် ကြားသိတော်မူ၍

mgyoe.com

mgyoe.com

ထုတ်ဆောင်တော်မူရာ အတိတ်ဇာတ်ဝယ် ယမုံနာနှင့် ဂင်္ဂါမြစ်ဆုံတွင် ဂင်္ဂါမြစ်ဝယ်နေသော ဂင်္ဂေယျငါးနှင့် ယမုံနာမြစ်ဝယ်နေသော ယာမုနေယျငါးတို့သည် သူလှသည်၊ ငါလှသည်ဟု ငြင်းခုန်၍ ခိုက်ရန်ဖြစ်ပွားကြသည်ရှိသော် အနီးအပါးတွင်နေသော လိပ်ကြီးတစ်ခု၏အထံ အယူခံကြရာ ထိုလိပ်ကြီးက အသီးအသီး သင်တို့သည် လှကြ၏။ သို့ရာတွင် သင်တို့ထက် ငါသာလွန်၍ လှ၏ဟု ငါးနှစ်ကောင် ငြင်းခုံကြရာ လိပ်ပါဝင်၍ သုံးဦးသုံးဖလှယ် ငြင်းခုန်၍ အချင်းချင်း ဆဲရေးရေရွတ်ကြသကဲ့သို့ ခန္ဓာငါးပါးကို ငါဟူ၍ စွဲလမ်းသဖြင့်လည်းကောင်း၊ ငါ၏ဆံပင်ကို ကိုင်ငင်ရာသလော၊ ငါ၏ခြေ၊ လက်ကို ဖက်ရမ်းရာသလော၊ ဤသို့စသည်ဖြင့် ခန္ဓာငါးပါးကို ငါ၏ဥစ္စာဟု စွဲလမ်းသဖြင့်လည်းကောင်း အမျက်ဒေါသအားဖြင့် မုန်းထားမူကြကုန်၏။

## ခန္ဓာငါးပါးကို မထိနိုင်

ထိုသို့ ခန္ဓာငါးပါးကို စွဲလမ်း၍ အချင်းချင်း ဆဲရေးရေရွတ် ပုတ်ခတ်ကြသော်လည်း ခန္ဓာငါးပါးကို မထိပါးနိုင်သည်သာတည်း။ ထိုစကားမှန်၏။ ခန္ဓာငါးပါးကို ဓား၊ သန်လျက်ဖြင့်ပင် ခုတ်ဖြတ်သော်လည်း မပျက်ကောင်းသည်သာတည်း။ မိမိတို့၏ ဥပါဒ်၊ ဌီ၊ ဘင်ဟူသော ခဏသုံးပါး မပြည့်စုံဘဲ ရိုက်နှက်ပုတ်ခတ်ခြင်းဟူသော အကြောင်းကြောင့် အကြားအကြား၌ ပျက်စီးသော မည်သည်မရှိ။ စင်စစ်သော်ကား ရှေးအစဉ်နှင့်တူစွာ နောက်အစဉ်၏ မဖြစ်ခြင်းမျှသာတည်း။ ခန္ဓာငါးပါးကို ငါ…ငါ၏ဥစ္စာဟု ဗာလပုထုဇဉ်တို့ ဖောက်ပြန်သောအားဖြင့် ထင်မှား စွဲလမ်းကြသော်လည်း ခန္ဓာငါးပါးက ငါ၏အရှင်ဟူ၍ အနုမြူခြမ်းမျှ စွဲလမ်းခြင်း မရှိလေ။

## နိုးနှော်ချက်

ဤအရာ၌ ဥပမာ၊ ဥပမေယျ၊ ဥပမာန သုံးရပ်ကို စပ်ဟပ်၍ အမျက်၊ ဒေါသအပြစ်ကို ရှုဆင်ခြင်လိုကုန်သော ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်မြတ်တို့အား ထင်ရှား သိစိမ့်သောငှာ ပြဆိုဦးအံ့။ ခိုက်ရန်ဖြစ်ပွားကြသော သူနှစ်ဦးတို့တွင် ရှေးဦးစွာစတင်၍ အမျက်ဒေါသ ထွက်သောသူကို ဗာလသူယယ်ကိုကဲ့သို့ မှတ်အပ်၏။

mgyoe.com

mgyoe.com

နောက်မှထပ်၍ အမျက်ထွက်ပြန်သောသူကိုကား အတိဗာလ သူငယ်ကိုကဲ့သို့ မှတ်အပ်၏။ ရှေးဦးစွာ အမျက်ထွက်သောသူ၏ ငါ၏ကိုယ်၊ ငါ၏ဆံ၊ ငါ၏ခြေ၊ ငါ၏လက် ဤသို့ စသည်ဖြင့် ခန္ဓာငါးပါးကို ခွဲလမ်း၍ အမျက် မာန်မူခြင်းကို ထိုဗာလသူငယ်၏ ငါ၏နေဟု ခွဲလမ်း၍ နေကိုအကြောင်းပြုလျက် အမျက် မာန်မူခြင်းကိုကဲ့သို့ မှတ်အပ်၏။ နောက်တစ်ဖန် ဆင့်၍ အမျက်ထွက်ပြန်သော သူ၏ ငါ၏ကိုယ်၊ ငါ၏ဆံ၊ ငါ၏ခြေ၊ ငါ၏လက် ဤသို့ စသည်ဖြင့် ခန္ဓာငါးပါးကို ခွဲလမ်း၍ ခန္ဓာငါးပါးကို အကြောင်းပြုလျက် အမျက်မာန်မူခြင်းကို အတိဗာလ သူငယ်၏ ငါ၏လဟု ခွဲလမ်း၍ လကို အကြောင်းပြုလျက် အမျက်မာန်မူခြင်းကို ကဲ့သို့မှတ်အပ်၏။

## နေနှင့်လကို ခွဲလမ်းပုံ

ထိုစကားမှန်၏။ ဗာလသူငယ်၊ အတိဗာလသူငယ်တို့သည် ငါ၏နေသည် လှပ၏။ ငါ၏လသည် လှပ၏ဟု နေ၊ လကို ခွဲလမ်းနှစ်သက်၍ အချင်းချင်း ခိုက်ရန်ပွားကြသကဲ့သို့ ဇေတဝန်ကျောင်းတော်နေ ရဟန်းငယ်၊ ရဟန်းကြီးသုံးဦး၊ ဂဝံယျငါး၊ ယာမုနေယျငါး၊ လိပ် သုံးဦးတို့နှင့် အလားတူ ရှင်လူအပေါင်းတို့ သည် ငါ၏ခြေလက်၊ အင်္ဂါကြီးငယ်လှသည်၊ ငါ၏ခြေလက် အင်္ဂါကြီးငယ် လှသည် ဟု ခိုက်ရန်ဖြစ်ပွားကြကုန်၏။

ထိုစကားမှန်၏။ ယခု လောက၌ အရုပ်အဆင်းဟူသော အတွက်ကြောင့် အမျက်မာန်မူကြသည်လည်း များစွာရှိကုန်၏။ ထိုသူတို့ကား မိမိနှင့် အချင်းခပ်သိမ်း မစပ်မဆိုင် မစိုးမပိုင်သော နေ၊ လကို ငါ့ဥစ္စာ၊ ငါ့သန္တက လှသည်၊ တင့်တယ် သည်ဟု ခိုက်ရန်ဖြစ်ပွားကြသော ဗာလသူငယ်၊ အတိဗာလသူငယ်တို့နှင့် နှိုင်းဆွယ် စံယူ တန္ဆမူလျှင် တူရုံမက သာလွန်ကြမည်ကဲ့သို့ ထင်၏။ အဘယ့်ကြောင့်နည်း ဟူမူကား ဗာလ၊ အတိဗာလ သူငယ်တို့၏ နေနှင့်လမှာ အဇ္ဈတ္တသန္တာန်တွင် ဝဏ္ဏရုပ် ထင်ရှားပါသည်ဖြစ်၍ ရှစ်ခုတွင် တစ်ခုမြင်ကောင်းရကား မထောင်းတာ၊ အသင့် အလျော် ခွဲလမ်းသော် ခွဲလမ်းစရာ ရှိသေး၏။ ဝဋ္ဋနိဿိတဗာလ ပုထုဇဉ်၊ သတ္တဝါ၊ သူငါတို့၏ ခွဲလမ်းရာ ခန္ဓာငါးပါးတွင် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့မှ မြင်ကောင်းစရာတစ်ခု အနုမြူခန့်မျှမရှိ၊ အဇ္ဈတ္တရူပက္ခန္ဓာ

mgyoe.com

mgyoe.com

တွင်မှ မြင်ကောင်းစရာ ရူပါရုံ၊ ဝဏ္ဏရုပ်တစ်ခုသာရှိသည်။ ဤသို့ ဝေဒနာက္ခန္ဓာ တစ်ပါး၊ သညာက္ခန္ဓာတစ်ပါး၊ သင်္ခါရက္ခန္ဓာငါးဆယ်၊ ဝိညာဏက္ခန္ဓာတစ်ခု၊ ယုတ်ကိုးဆယ်၊ ရူပက္ခန္ဓာ နှစ်ဆယ့်ရှစ်ခု ပေါင်း တစ်ရာ့ခြောက်ဆယ့်ကိုးပါး၊ ထို့ထက် အလွန်တွင်မှလည်း တစ်ပါးသော မြင်ကောင်းစရာ ပါရှိသည်ဖြစ်၍ စွဲလမ်းစရာ အားနည်းသောကြောင့်တည်း။

ထိုမှတစ်ပါး ဗာလ၊ အတိဗာလသူငယ်တို့၏ နေ၊ လမှာ ရုံခါရုံခါ မာတင်ဂ် ရသေ့ အစရှိကုန်သော ရသေ့တပသီ၊ ယောဂီပုဂ္ဂိုလ်၊ အဘိညာဉ်ရ၊ ဈာနလာဘီ၊ သူတော်၊ သူမွန်၊ သူမြတ်တို့၏ တန်ခိုးဣဒ္ဓိပါဒ်ကြောင့် အလိုသို့ လိုက်၍မပေါ်ဘဲ၊ မသွားဘဲနေသော် နေသေး၏။ ခန္ဓာငါးပါးတို့မှာကား ဆီးတား၍မနိုင် ဖြစ်မြဲ၊ ချုပ်မြဲ မပြတ်။ စပ်ကာ စပ်ကာ ဖြစ်ကြ၊ ချုပ်ကြလေသည်သာတည်း။

ထို့ကြောင့် မိမိ၏ ခန္ဓာအိမ်ကို လှသည်၊ ပသည်၊ တင့်တယ်သည်ဟု စွဲလမ်း၍ အမျက်ဒေါသမူလျှင် သူငယ်ဗာလ၊ အတိဗာလတို့အောက် ယုတ်၍ ဝိမုတ္တိနိဗ္ဗာန်ရွာမှ ကြာလေကြာလေ ဝေးလေရာ၏။ ခန္ဓာငါးပါးတို့ကား နေ၊ လ တို့ကို ကဲ့သို့မှတ်အပ်၏။ ထိုစကားမှန်၏။ နေ၊ လတို့သည် မိမိတို့ သွားမြဲ၊ လာမြဲသာ သွား၍၊ လာ၍ မည်းမည်းဖြူဖြူ လူတစ်ယောက်မျှ အစိုးမရသကဲ့သို့ ခန္ဓာငါးပါးတို့ကိုလည်း သုံးဆယ့်တစ်ဘုံတွင် အစိုးရသသူ တစ်စုံတစ်ယောက်မျှ မရှိချေ။ ငါ၏ကိုယ်ကို ပုတ်ခတ်သည်ဖြစ်က သင်၏ကိုယ်ကို ပုတ်ခတ်မည်ဟု အချင်းချင်း ပုတ်ခတ်ကြကုန်သော လူနှစ်ယောက်တို့ကို နေနှင့် လကို ပုတ်ခတ် အံ့သောငှာ အားထုတ်ကြသော ဗာလ၊ အတိဗာလ သူငယ်တို့ကဲ့သို့ မှတ်အပ်၏။

ထိုစကားမှန်၏။ ဗာလ၊ အတိဗာလ သူငယ်တို့သည် ငါ၏ လကို နင်က ပုတ်ခတ်သည်ဖြစ်လျှင် နင်၏ နေကိုလည်း ငါက ပုတ်ခတ်မည်ဟု အချင်းချင်း အားထုတ်ကုန်သော်လည်း မောရုံပန်းရုံမျှသာ၊ နေ၊ လမှာမထိ အထွက်မရှိလေ သကဲ့သို့ အမျက်ထွက်ကုန်သော လူနှစ်ယောက်တို့သည် ငါ၏ကိုယ်ကို နင်က ပုတ်ခတ်သည်ဖြစ်လျှင် နင်၏ ကိုယ်ကိုလည်း ငါက ပုတ်ခတ်မည်ဟု နာမကာယ၊ ရူပကာယ နှစ်ပါးကိုစွဲ၍ အချင်းချင်း ပုတ်ခတ်ကြသော် ခန္ဓာငါးပါး၊ နာမကာယ၊ ရူပကာယကို မပုတ်ခတ်နိုင်သည်သာ ဖြစ်ကုန်၏။

mgyoe.com

mgyoe.com

## ထိုစကား မှန်၏

အချင်းချင်း ပုတ်ခတ်ကြသော်လည်း ဝေဒနာ၊ သညာ အစရှိသည်တို့ကို မပုတ်ခတ်မိ၊ မကြင်နာတတ်ကုန်။ ရုပ်တရားတို့သည် အာရုံကို မခံစားနိုင်ကုန်။ ကြင်နာမှန်းကိုမျှ မသိကုန်။ ထို့ကြောင့် ခန္ဓာငါးပါးကိုစွဲ၍ ခန္ဓာငါးပါးကို ပုတ်ခတ်ကုန်သောသူတို့သည် မိမိ လက်၊ မိမိ လှံတံရှည်ပါသမျှ ပမာဏဖြင့် နေ၊ လကို လှမ်း၍ ရမ်းကား၊ ရော်ကာ ပုတ်ခတ်ခြင်းငှာ အားထုတ်ကုန်သော ဗာလ၊ အတိဗာလသူငယ်တို့နှင့် တစ်ထေဝ မထူးမပြား၊ မခြားမနားလေပြီဟု မှတ်အပ်၏။ ဗာလ၊ အတိဗာလ သူငယ်တို့သည် မိမိတို့က အလွန်တွေဝေလှသောကြောင့် နေနှင့် လကို ငါ့ငှာ၊ သူ့ငှာဟု ပိုင်းခြား၍ မှတ်သားကြသော်လည်း နေ၊ လတို့က ငါ့ငှာ၊ သူ့ငှာ၊ အရှင့်ဥစ္စာဟု တွယ်တာမည်ကိုထား၍ ပိုင်းခြားကြသည်ကိုမျှ မသိ။ နေ၊ လတို့က မသိကြသော်လည်း ဗာလ၊ အတိဗာလတို့မှာ နေ၊ လကိုစွဲ၍ အချင်းချင်း ပုတ်ခတ်ကြသဖြင့် သေသော်လည်း သေရာ၏။ မသေသော်လည်း မချိမဆန့် ဒုက္ခကြီးစွာ ရောက်ကြရာ၏။

ထို့အတူ ဝဋ္ဋနိဿိတ သူငါတို့တစ်တွေမှာလည်း ခန္ဓာငါးပါးကို စွဲ၍ အချင်းချင်း ငြင်းခုန်ခိုက်ရန် မူကြသည်လည်း အနန္တ၊ ဆဲရေးရေရွတ်ရုံမျှမက တုတ်၊ လှံတံ၊ ဓား၊ လက်နက် စသည်ဖြင့် ပုတ်ခတ်ကြ၍ ဒုက္ခခံရသည်လည်း အနန္တ၊ ဒေါသကိုစွဲ၍ အဝီစိနရက်၌ ကျက်ကြသည်လည်း အနန္တ၊ ဤသို့ပင်ဖြစ်ကြသော်လည်း ခန္ဓာငါးပါးက သနားကြင်နာ တွယ်တာခြင်း မရှိဖြစ်၏။ ဤသို့လျှင် ခန္ဓာငါးပါးကို စွဲ၍ ဒေါသအမျက်ထွက်ရာ၌ ဗာလ၊ အတိဗာလ သူငယ်တို့၏ ဥပမာဖြင့် ထင်စွာ သိအပ်၏။ ဤသို့လျှင် ယောဂါဝစရဘာဝနာ ဘိရတပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်မြတ်တို့အား ဒေါသ၏အပြစ်ကို ဖွင့်လှစ်၍ ပြဘိသကဲ့သို့ ထင်ရှားစွာ မြင်လွယ်စိမ့်သောငှာ သူပါ၊ ငါပါ မလွတ်ဆိုသကဲ့သို့ ပြဆိုအပ်သည်။

ဥပမာ၌ ခန္ဓာငါးပါးမှတစ်ပါး ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်ထင်ရှား မရှိသော်လည်း ခန္ဓာငါးပါးကို ပုဂ္ဂိုလ်၊ သတ္တဝါအား ဖျက်ဆီးတတ်သောကြောင့် ဝဓကပစ္စတ္ထိက သူသတ်ယောက်ျားနှင့် အလားတူ၏ဟု သမ္မုတိပညတ်အားဖြင့် ဟောကြား

mgyoe.com

တော်မူအပ်သော အစိန္တေယျ သုံးလူ့ထွတ်ထား ဘုရားမြတ်စွာ၏ ဒေသနာတော်ကို အမှီပြု၍ ဥပမာကို ထင်စွာ ပြအပ်သတည်း။

[ထိုစကားမှန်၏။ သုတ္တ၊ ဂေယျ စသော အင်္ဂါကိုးပါးနှင့် ပြည့်စုံသော အဋ္ဌကထာနှင့် တကွသော မြတ်စွာဘုရား စကားတော်ဟု ဆိုအပ်သော ပိဋကတ် သုံးပုံဟူသော မဟာသမုဒ္ဒရာ၌ စိန္တာမယဉာဏ်ဟူသော လင်းယဉ်ကြိုးရွက်ကို ဖွင့်၍ စိတ္တုပ္ပါဒ်ဟူသော လှေ၊ သင်္ဘောကို လွှင့်လိုသည်ရှိသော် သုတမယဉာဏ် ဟူသော မှန်ပြောင်းကြေးမုံဖြင့် ရေစုန်၊ ရေဆန်၊ ကျောက်ဆောင်၊ သစ်ငုတ် စသည်ကို ကြည့်ရှု၍ ပါဠိ၊ အဋ္ဌကထာနှင့် ဆန့်ကျင်ခြင်း ဝိရောဓိဒေါသ၊ ရှေ့ နောက် စကားဆန့်ကျင်ခြင်း ပုဗ္ဗာပရဝိရောဓိဒေါသ၊ ဘေးတို့မှ ကင်းဝေးစေခြင်းငှာ မှာထားအပ်သော စကားချပ်တည်း]။

## ဒေဝဒတ်နှင့် သုနက္ခတ်

အလိုရှိအပ်သောသူသည် ဣဋ္ဌာရုံသည်ပင်လျှင် အလိုရှိလျက် မရခဲ့သော် အနိဋ္ဌာရုံကဲ့သို့ဖြစ်၍ ဒေါသ၏ အကြောင်းဖြစ်၏။ ဒေဝဒတ် သုနက္ခတ်တို့သည် မိမိတို့ အလိုရှိအပ်သော ဣဋ္ဌာရုံကို အစိန္တေယျ သုံးလူ့ထွတ်ထား ဘုရားမြတ်စွာ ၏အထံမှ မရလေရကား အလိုရှိအပ်သော ဣဋ္ဌာရုံသည်ပင်လျှင် အနိဋ္ဌာရုံကဲ့သို့ ဖြစ်၍ အစိန္တေယျ သုံးလူ့ထွတ်ထား ဘုရားမြတ်စွာ၌ ညခင်းဆည်းဆာအချိန်ဝယ် တထိန်ထိန် တလင်းလင်း ဖျားရင်းတိုင်အောင် ထွန်းပတောက်လောင်သော တန်ဆောင်မီးရှူးကို ပိုးစုန်းကြူးအနေနှင့် မထီမဲ့မြင်သကဲ့သို့ ရန်ငြိုးမုန်းထားမူလေ သည်ကိုလည်းကောင်း။

## မိဖုရားဝတ္ထု

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ မိဖုရားတို့သည် မိမိတို့ အလိုရှိအပ်သော အာရုံကာမဂုဏ်ကို မရခြင်းဟူသော အကြောင်းကြောင့် အလိုရှိအပ်သော ဣဋ္ဌာရုံ သည်ပင်လျှင် အနိဋ္ဌသဘောသို့သက်၍ ဘုရားလောင်း ပဒုမမင်းသား ပုရောဟိတ် ပုဏ္ဏားတို့အား မုန်းထားရန်ငြိုး မူလေသည်ကိုလည်းကောင်း ထောက်၍ သိအပ်၏။

mgyoe.com

 mgyoe.com 

**[ဤသို့စသော ၀တ္ထုပုံစံ သက်သေများကို အထက်ဒေါသ၏ အပြစ်ကို ပြဆိုရာ တတိယအခန်းမှာမှ အကျဉ်းအမြွက်အားဖြင့် စဉ်၍ပြအံ့]။**

ဣဋ္ဌာရုံသည်ပင်လျှင် အလိုရှိအပ်သောခဏ မရခဲ့လျှင် အနိဋ္ဌာသဘောသို့ သက်၍ အစိန္တေယျ သုံးလူ့ထွတ်ထား ဘုရားသခင် ဟောတော်မူအပ်သော ဒေါသ အကြောင်းနှစ်ပါးတွင် ပဋိဃနိမိတ္တဟူသောအကြောင်းသို့ သက်ဝင်၏။ တစ်နည်း ကား မိမိအလိုရှိအပ်သော အာရုံကို မရခဲ့လျှင် ရှေးအကြောင်း ချွတ်ယွင်း၍ မရ သည်ဟု အသင့်အားဖြင့် နှလုံးမသွင်းနိုင်ခြင်းကြောင့် ဒေါသဖြစ်လေရကား အယောနိသောမနသိကာရ၌ သက်ဝင်၏။

အစိန္တေယျ သုံးလူ့ထွတ်ထား ဘုရားသခင် ဟောကြားတော်မူအပ်ကုန်သော ဒေါသဖြစ်ကြောင်း တရားနှစ်ပါးတို့တွင် အယောနိသောမနသိကာရသည် အကြောင်း ရင်း၊ အကြောင်းစစ် အမြစ်အခြေကဲ့သို့ ဖြစ်၏။ ထိုစကားမှန်၏။ အနိဋ္ဌာရုံပင် ဖြစ်သော်လည်း သည်းခံခြင်း ခန္တီပါရမီတရားကို နှလုံးထားနိုင်သည်ဖြစ်လျှင် ဒေါသ၏ အကြောင်းမဖြစ်၊ ထို့ကြောင့် မြတ်စွာဘုရားသခင်သည် အင်္ဂုတ္တရနိကာယ် ကျမ်း၌။

အာဝုသော၊ ငါ့ရှင်တို့။ ယေန၊ အကြင်အကြောင်းကြောင့်။ အနုပ္ပန္နော၊ မဖြစ်သေးသော။ ဒေါသောဝါ၊ ဒေါသသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥပ္ပန္နော၊ ဖြစ်ပြီးသော။ ဒေါသောဝါ၊ ဒေါသသည်လည်း။ ဘိယျော၊ လွန်စွာ။ ဘာဝါယ၊ ပွားခြင်းငှာ။ ဝေပုလ္လာယ၊ စည်ပင်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ တတ္ထ၊ ထိုသို့ ဖြစ်ရာ၌။ ဟေတု၊ အကြောင်းကား။ ကော၊ အဘယ်နည်း။ ပစ္စယော၊ အထောက် အပံ့ကား။ ကော၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ တုမှေ၊ သင်ချစ်သားတို့ကို။ အညတိတ္ထိယာ၊ သာသနာတော် ပတိတ္ထိဖြစ်ကုန်သော။ ပရိဗ္ဗာဇကာ၊ ပရိဗိုဇ်တို့က။ စေပုစ္ဆေယျုံ၊ အကယ်၍ မေးကုန်သည်ဖြစ်အံ့။ .ပဋိဃနိမိတ္တန္တိ၊ အနိဋ္ဌာရုံဟူ၍။ ဝစနီယံ၊ သင်ချစ်သားတို့က ဖြေဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပဋိဃနိမိတ္တံ၊ အနိဋ္ဌာရုံကို။ အယောနိသော၊ မသင့် သောအားဖြင့်။ မနသိကရောတော၊ နှလုံးသွင်းသော။ တဿ၊ ထိုပုဂ္ဂိုလ်အား။ အနုပ္ပန္နော၊ မဖြစ်သေးသော။ ဒေါသောဝါ၊ ဒေါသသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

mgyoe.com

ဥပ္ပန္နော၊ ဖြစ်ပြီးသော။ ဒေါသောဝါ၊ ဒေါသသည်လည်း။ ဘိယျော၊ လွန်စွာ။ ဘာဝါယ၊ ပွားခြင်းငှာ။ ဝေပုလ္လာယ၊ စည်ပင်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ အာဝုသော၊ ငါ့ရှင်တို့။ ယေန၊ အကြင်အကြောင်းကြောင့်။ အနုပ္ပန္နော၊ မဖြစ်သေးသော။ ဒေါသောဝါ၊ ဒေါသသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥပ္ပန္နော၊ ဖြစ်ပြီးသော။ ဒေါသောဝါ၊ ဒေါသသည်လည်း။ ဘိယျော၊ လွန်စွာ။ ဘာဝါယ၊ ပွားခြင်းငှာ။ ဝေပုလ္လာယ၊ စည်ပင်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ အယံ၊ ဤအနိဋ္ဌာရုံသည်။ ခေါ၊ စင်စစ်။ ဟေတု၊ ဒေါသဖြစ်ခြင်း၏ အကြောင်းတည်း။ အယံ၊ ဤအနိဋ္ဌာရုံသည်။ ခေါ၊ စင်စစ်။ ပစ္စယော၊ ဒေါသဖြစ်ခြင်း၏ အထောက်အပံ့တည်း။ ဣတိ၊ ဤသို့။ တုမှေ၊ သင်ချစ်သားတို့က။ ဗျာကရေယျာထ၊ ဖြေဆိုကြကုန်လော့။

ဤသို့လျှင် မြတ်စွာဘုရားသခင်သည် အနိဋ္ဌာရုံကို မသင့်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ဒေါသဖြစ်၏ဟု မိန့်တော်မူသည်။ ဤသို့ အနိဋ္ဌာရုံကို မသင့်သောအားဖြင့် နှလုံးသွင်းလျှင် ဒေါသဖြစ်၏ဟု ဟောတော်မူသဖြင့်သာလျှင် အနိဋ္ဌာရုံပင်ဖြစ်သော်လည်း အသင့်အားဖြင့် နှလုံးသွင်းချေလျှင် ဒေါသမဖြစ်ဟူ၍လည်းကောင်း၊ ဣဋ္ဌာရုံပင်ဖြစ်သော်လည်း မသင့်သောအားဖြင့် နှလုံးသွင်းချေက ဒေါသ၏အကြောင်း ဖြစ်၍ဟူ၍လည်းကောင်း အနုညာတ၊ အနုလောမနည်းအားဖြင့် သိအပ်၏။

## ဥပမာအားဖြင့်

ဆိုသည်ရှိသော် သူတစ်ပါးဥစ္စာကို ခိုးလိုသောစိတ်ဖြင့်ယူလျှင် အဒိန္နာဒါန်မြောက်၏။ အပြစ်မလွတ်ဟုဆိုသဖြင့် ခိုးလိုသောစိတ်မရှိ အဿမိပံသုကူလသညာဖြင့် ဥစ္စာရှင်မရှိ ပံ့သကူထင်မှတ်၍ယူလျှင် အဒိန္နာဒါန်မမြောက်ဟူ၍လည်းကောင်း၊ မိမိဥစ္စာပင်ဖြစ်သော်လည်း သူတစ်ပါးဥစ္စာဟု အမှတ်ရှိ၍ ခိုးလိုသောစိတ်ဖြင့် ယူချေသော် ထေယျစိတ်အတွက်ကြောင့် စိတ်မစင်ကြယ်လေရကား အနည်းငယ် အပြစ်ကလေးမကင်းဟူ၍လည်းကောင်း၊ အနုညာတ၊ အနုလောမနည်းအားဖြင့် သိအပ်သကဲ့သို့တည်း။ ဤသို့လျှင် သူတစ်ပါးဥစ္စာပင်ဖြစ်သော်လည်း ခိုးလိုသော ထေယျစိတ်ဖြင့်ယူမှ အဒိန္နာဒါန်မြောက်သကဲ့သို့ အနိဋ္ဌာရုံပင်ဖြစ်သော်

mgyoe.com

လည်း အယောနိသောမနသိကာရအားဖြင့် နှလုံးသွင်းမှု ဒေါသ၏အကြောင်းဖြစ်၏ဟု သိအပ်၏။

ထိုမှတစ်ပါးသည် ပညာသေးနုကုန်သော ဗာလပုထုဇဉ် သူငါတို့အား ပြင်းထန်စွာ ကိုယ်လက်စုတ်ပြတ်အောင် ကုဋ္ဌရောဂါ၊ နူနာစွဲကပ်သောသူအား မြက်ဝါးခြမ်း၊ တုတ်၊ လှံတံ စသည်တို့ဖြင့် အနည်းငယ်မျှ ထိပါးသော်လည်း ပကတိသဘောအားဖြင့် မတည်တံ့နိုင်။ ထွန့်ထွန့်လူးအောင် ကြင်နာဘိသကဲ့သို့ အနည်းငယ်မျှ ထိပါးလာသော အနိဋ္ဌာရုံဖြစ်သော်လည်း ဆွေ့ဆွေ့ခုန်၍ တုန်တုန်လျှင်လျှင် အမြင်မကောင်းအောင် အမျက်ထွက်၏။ အမြင်မကောင်းအောင် စောင်းရွဲ့ယိမ်းယိုင်လျက် အမျက်မာန်မူ၍ ညှုစူစောင်းမြောင်း၏။ ထို့ကြောင့် မြတ်စွာဘုရားသခင်သည် အင်္ဂုတ္တရနိကာယ်ကျမ်း၌...

ဘိက္ခဝေ၊ ရဟန်းတို့။ အရုကူပမစိတ္တော၊ နူနာ၊ ဝဲနာ စွဲကပ်သောသူနှင့်တူသော စိတ်ရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ဟူသည်။ ကတမော စ၊ အဘယ်သည်နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ကောဓနော၊ အမျက်ကြီးသည်။ ဟောတိ၊ ဖြစ်၏။ အပ္ပံ-ဝစနံ၊ အနည်းငယ် မပြောပလောက်သော စကားကို။ ဝုတ္တော၊ ဆိုအပ်သည်။ သမာနော၊ ဖြစ်လျက်။ အဘိသဇ္ဇတိ၊ ဒေါသအားဖြင့် ကပ်ငြိ၏။ ကုပ္ပတိ၊ အမျက်ထွက်၏။ ဗျာပဇ္ဇတိ၊ စိတ်နောက်ကျု၏။ ပတိတ္ထိယတိ၊ မုန်းထားမူ၏။ ကောပဉ္စ၊ အမျက်ကိုလည်းကောင်း။ ဒေါသဉ္စ၊ ရန်ငြိုးမူခြင်းကိုလည်းကောင်း။ အပ္ပစ္စယဉ္စ၊ မနှစ်မြို့ခြင်းကိုလည်းကောင်း။ ပါတုကရောတိ၊ ထင်စွာပြု၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ဒုဋ္ဌာရုကော၊ နူနာစွဲကပ်သောသူသည်။ ကဋ္ဌေနဝါ၊ သစ်သား၊ လှံတံဖြင့်လည်းကောင်း။ ကထလာယဝါ၊ ကျောက်စရစ်အိုးခြမ်းဖြင့်လည်းကောင်း။ ဃဋ္ဋိတော၊ ထိခိုက်သည်ရှိသော်။ ဘိယျော သော မတ္တာယ၊ အတိုင်းထက်အလွန်။ အဿဝံ၊ သွေးပြည်ယိုစီးခြင်းကို။ ဒေတိ၊ ဖြစ်စေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝခေါ၊ ဤအတူသာလျှင်။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ကောဓနော၊ အမျက်ကြီးသည်။ ဟောတိ၊ ဖြစ်၏။ ဥပါယာသဗဟုလော၊ ချုပ်ခြယ်ခြင်းများသည်။ ဟောတိ၊ ဖြစ်၏။

mgyoe.com

mgyoe.com

အပွဲ၊ အနည်းငယ်မျှ။ ဝုတ္တော၊ ဆိုအပ်သည်။ သမာနော၊ ဖြစ်လျက်။ အဘိသဋ္ဌတိ၊ ဒေါသအားဖြင့် ကပ်ငြိ၏။ ကုပ္ပတိ၊ အမျက်ထွက်၏။ ဗျာပဇ္ဇတိ၊ စိတ်နောက်ကျူ၏။ ပတိတ္ထိယတိ၊ မုန်းထားမူ၏။ ကောပဉ္စ၊ အမျက်ကိုလည်းကောင်း။ ဒေါသဉ္စ၊ ရန်ငြိုးမူခြင်းကိုလည်းကောင်း။ အပ္ပစ္စယဉ္စ၊ မနှစ်မြို့ခြင်းကိုလည်းကောင်း။ ပါတုကရောတိ၊ ထင်စွာပြု၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤပုဂ္ဂိုလ်ကို။ အရုကူပမစိတ္တော၊ နူနာ၊ ဝဲနာနှင့်တူသော စိတ်ရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့လျှင် အစိန္တေယျ သုံးလူထွတ်ထား ဘုရားသခင်သည် ဝေနေယျ သတ္တဝါအပေါင်းတို့အား ဒေါသတရား၏ အပြစ်ကို ဖွင့်လှစ်၍ ပြဘိသကဲ့သို့ ဟောကြားညွှန်ပြ ဆုံးမတော်မူသည်။ ဤသို့လျှင် ဒေါသသည် နူနာ၊ ဝဲနာနှင့် တူ၏ဟု သိအပ်၏။ ဤလောက၌ နူနာ၊ ဝဲနာသည် အစဉ်အတိုင်း ဆေးမကုစား သဖြင့် ကြီးပွားရင့်မာလတ်သည်ရှိသော် ခြေ၊ လက်စသောအင်္ဂါကြီးငယ်ကို ပျက်စီး စေခြင်း၊ ဇီဝိတိန္ဒြေတို့၏ ပျက်စီးခြင်းတို့ကို ဖြစ်စေတတ်၏။ ထို့အတူ ဒေါသ သည်လည်း မေတ္တာတည်းဟူသောဆေးဖြင့် မကုစားလတ်သည်ရှိသော် အဆင့်ဆင့် ကြီးပွားရင့်မာ၍ ခြေ၊ လက်စသော အင်္ဂါကြီးငယ်တို့၏ ပြတ်ခြင်း၊ ဇီဝိတိန္ဒြေ၏ ပြတ်ခြင်း၊ သေလွန်သည်မှ နောက်ကာလ၌ အပါယ်၌ ကျက်ခြင်းဘေးတို့ကို ဖြစ်စေတတ်၏။ ဤသို့လျှင် ဒေါသ၏ဖြစ်ကြောင်း သမုဋ္ဌာန်ကို သိအပ်၏။

ဤတွင်ရွေ့ကား ဒေါသ၏ ဖြစ်ရာဖြစ်ကြောင်း သမုဋ္ဌာန်ကို ပြဆိုရာ ဒုတိယ ပရိစ္ဆေဒကား အပြီးအဆုံးသို့ ရောက်၏။

---

## ၄။ ဒေါသ၏အပြစ်ကိုပြဆိုရာ တတိယ ပရိစ္ဆေဒ

ယခုအခါ၌ ဒေါသ၏ အပြစ်ကိုပြဆိုရာ အခွင့်သင့်လျော်ပြီဖြစ်၍ ဒေါသ၏ အပြစ်ကို ရှုဆင်ခြင်လိုကုန်သော ယောဂါဝစရ ဘာဝနာဘိရတ ပုဂ္ဂိုလ်တို့၏ အလို့ငှာ ပမာပမည်းထုံးနည်းပုံစံ ဝတ္ထုသက်သေတို့ဖြင့် မိမိဉာဏ်အား ထင်နိုင်သမျှ ပြဆိုပေအံ့သတည်း။

mgyoe.com

mgyoe.com

## အမျက်ဒေါသဟူသည်ကား

သတ္တဝါတို့၏ အကျိုးစီးပွားမဲ့ကို စင်စစ်ပြုတတ်သော အနတ္ထ ကရ ပစ္စတ္ထိက ရန်သူစင်စစ်ဖြစ်၏။ ရန်သူဟူသော်လည်း တစ်နေ့၊ တစ်ရက်၊ တစ်လ၊ တစ်နှစ်၊ တစ်ဘဝ၊ တစ်ကမ္ဘာသာ သတ္တဝါတို့၏ အကျိုးမဲ့ကို ပြုတတ်သည် မဟုတ်။ စင်စစ်သော်ကား နေ့မစဲ၊ ညဥ့်မငြိမ်း အခါခပ်သိမ်း အကျိုးမဲ့ကိုသာ ပြုတတ်သည်ဖြစ်၍ အနာဒိကာလ အစမထင်သော သံသရာမှစ၍ ဤကမ္ဘာ၊ ဤဘဝ၊ ဤနှစ်၊ ဤလ၊ ဤနေ့၊ ဤညဥ့်၊ ဤနေရာ၊ ဤဌာနတိုင် မပြတ်မလပ် အကျိုးမဲ့ကိုပြုပြီး ပြုဆဲပင်ဖြစ်သည်။ နောင် အနာဂတ်ကာလ၌လည်း ဘယ်ရွေ့ ဘယ်မျှ အကျိုးမဲ့ကို ပြုကျင့်လေဦးမည်ဟူ၍ မည်သူတစ်ယောက်မျှ ယခုကာလ ငါတို့တစ်တွေသည် သေသေချာချာ သိနိုင်ကြသည်မဟုတ်။

ထိုသို့ ဒေါသသည် အကျိုးမဲ့ကို ပြုတတ်သော ရန်သူစင်စစ် မုချဖြစ်လျက် ဆွေချစ်၊ မျိုးခင်၊ ကျေးဇူးရှင်၊ မိဘတို့ကဲ့သို့လည်းကောင်း၊ သေရာညောင်စောင်း၌ လျောင်းစက်သောအခါ ချစ်လှစွာသော မိဘက လက်ဆုတ်လက်ကိုင်ပေးခဲ့သော အမွေဥစ္စာနှစ်ကဲ့သို့လည်းကောင်း ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးသဖြင့် ထမ်းပိုး၍ ထားကြခြင်းသည် အလျှင်းမသင့်၊ ဒေါသဥပါဒ်လာသည်ရှိသော် မီရာပုဂ္ဂိုလ်အား ရှေးဦးစွာ လောင်ကျွမ်းပူပန်စေတတ်၏။

## သံတွေခဲပမာ

ဥပမာအားဖြင့် ဆိုသည်ရှိသော် သူတစ်ပါးကို ပူလောင်စေလို၍ ရဲရဲ ငြိသော သံတွေခဲကို ပစ်လွှတ်အံ့ဟု ကိုင်သည်ရှိသော် မိမိကိုယ်ကို ရှေးဦးစွာ ပူလောင်စေ၏။ သူတစ်ပါးတို့မှာကား ပစ်လွှတ်လိုက်၍ ထိခိုက်မှ ပူလောင်ရာ၏။ မထိခိုက်သော် မပူလောင်ရာ။ ထို့အတူ သူတစ်ပါးတို့၏ အကျိုးမဲ့ကို ပြုအံ့ဟု အမျက်ထွက်သည်ရှိသော် ရှေးဦးစွာ မိမိကိုယ်ကို အမြင်မကောင်းအောင် ပူပန် စေတတ်၏။ ထို့နောင် သူတစ်ပါးမှာမူကား တုံ့ပြန်၍ အမျက်ထွက်မှ ပူပန်စေ၏။ တုံ့ပြန်၍ အမျက်မထွက်သည်ရှိသော် သူတစ်ပါးလက်နက်လာလျှင် ယတြာ၊ လက်ဖွဲ့၊ ခါးလှည့်၊ အင်းအိုင်ဖြင့် အရှောင်အလွှဲကောင်း၍ လွတ်ကင်းသော သူရဲကောင်း ကဲ့သို့ ပူပန်ခြင်းဒုက္ခမှ လွတ်ကင်း၏။

mgyoe.com

mgyoe.com

## ဒေါသပြောလျှင် မီးဖြင့်ပျက်၏

ကမ္ဘာပျက်သောအခါ အာဘဿရဘုံတိုင်အောင် တောက်လောင်သော ကမ္ဘာဖျက်မီးသည် လောင်ပြီး၍ စဲငြိမ်းပြန်ရကား ပူပန်လှ၏ဟု ဆိုအပ်သော်လည်း မထောင်းတာသေး၊ ချမ်းအေးလှ၏။ ဒေါသတည်းဟူသော မီးမှာမူကား ကမ္ဘာ မပြတ်၊ ဘဝမပြတ်၊ နှစ်မပြတ်၊ လမပြတ်၊ နေ့မပြတ်၊ ညဥ့်မပြတ် ထပ်ကာထပ်ကာ အတ္တဘောတည်းဟူသော လောင်စာကိုစွဲ၍ ရဲရဲငြိလေရကား ကမ္ဘာဖျက်မီးမျှမက သာလွန်၍ ပူပန်စေတတ်၏။ ကမ္ဘာပျက်ခြင်းသည်လည်း မီး၊ ရေ၊ လေ သုံးပါးတို့တွင် တစ်ပါးပါးကြောင့် ပျက်၏။ ထိုသုံးပါးတို့တွင် သတ္တဝါတို့အား ရာဂ ပြောသောအခါ ရေဖြင့်ပျက်၏။ ဒေါသပြောသောအခါ မီးဖြင့်ပျက်၏။ မောဟ ပြောသောအခါ လေဖြင့်ပျက်၏ဟု ကျမ်းဂန်၌လာသည်။

## ဒေါသနှင့် သတ္ထန္တရကပ်

ဤသို့ ကမ္ဘာပျက်သောအခါ တောက်လောင်သော မီး၌လည်း အကြောင်းရင်းကိုရှာသော် ယုတ်မာညစ်နွမ်း ကြမ်းတမ်းလှသော ဒေါသ၏ အထက်၌ ကျရောက်၏။ အန္တရကပ်သုံးပါးတို့တွင်လည်း သတ္တဝါတို့အား ရာဂပြောသော အခါ ဒုဗ္ဘိက္ခန္တရကပ် ငတ်မွတ်ခြင်း ဘေးဖြင့်သင့်၏။ ဒေါသပြောသောအခါ သတ္ထန္တရကပ် လက်နက်အန္တရာယ်ဘေးဖြင့် သင့်၏။ မောဟပြောသောအခါ ရောဂန္တရကပ် အနာရောဂါနှိပ်စက်ခြင်းဘေးဖြင့် သင့်၏။ ဤသို့လျှင် ရာဂ၊ ဒေါသ၊ မောဟတရားတို့သည် အန္တရကပ်သုံးပါးတို့၏ အကြောင်းရင်းဖြစ်ကုန်၏။ ဤ ရာဂ၊ ဒေါသ၊ မောဟတရားတို့သည်ကား သတ္တဝါအပေါင်းတို့အား မကွာထက်ကြပ် ကပ်လပ်ငြိတွယ်လျက် တည်ကုန်၏။

ထိုသို့ လောဘရန်သူ၊ ဒေါသရန်သူ၊ မောဟရန်သူ မကွာထက်ကြပ် ကပ်လပ်ရှိပါလျက် တစ်ရံတစ်ဆစ်မျှ လောဘမှ ကင်းကွာအောင်၊ ဒေါသမှ ကင်းကွာအောင်၊ မောဟမှ ကင်းကွာအောင် ဘာဝနာတရားကို အားမထုတ်ကုန်သော သူနှယ်င့ါနှယ်၊ လူပြိန်းလူဖျင်းတို့အား အကြောင်းဆိုက်ရာ လမ်းသင့်ရာဆိုလျှင်
mgyoe.com

 mgyoe.com 

မီးလျှံ၏အတွင်း သက်ဆင်းကုန်သော ပိုးဖလံ၊ တိရစ္ဆာန်၊ သတ္တဝါတို့ကို မြင်လျှင် မီးမှန်းသိလျက် သက်ဝင်လာကုန်သော ဤသတ္တဝါတို့သည် လွန်စွာ မိုက်ကုန်၏ ဟူ၍ သူက၊ ငါက မြင်သော်လျှင် ပြောခြင်း၊ ဆိုခြင်းရှိကုန်၏။ ထိုသို့ ပြောခြင်း၊ ဆိုခြင်း၊ ရှိကြခြင်းသည်လည်း မိမိတို့ကိုယ်ကို လိမ္မာရာက ထား၍ပြောဆိုလို ကုန်၏။ ထိုသို့ မိမိတို့ကိုယ်ကို လိမ္မာရာကထားသော်လည်း ပိုးမွှားတိရစ္ဆာန်တို့က ဆိုလျှင် ထိုအပြစ်သည် သူ၊ ငါတို့၏အထက်၌ ကျရောက်ရာ၏။

## တိရစ္ဆာန်တို့က ဤသို့ ဆိုချေမည်

အဘယ်သို့ တိရစ္ဆာန်တို့က ပြန်လှန်၍ ဆိုရန် အခွင့်ရှိသနည်းဟူမူကား ငါတို့သည်ကား မီးလျှံကို ပီယရုပ်သာ တစ်ရုပ်ကဲ့သို့ ထင်မှတ်ကုန်၍ ခုန်လွှား ဆင်းသက်ကြလျှင် တစ်ဘဝ၊ တစ်ခါသာ သေကြေပျက်စီးကုန်ရာသည်။ တစ် ဘဝကို နှစ်ခါတွေ့၍ သေတော့မည်မရှိ။ လောဘ၊ ဒေါသ၊ မောဟတို့၏အာရုံ ကာမဂုဏ်ကို ရှာမှီး၍ မီးစာထင်းကို နေ့၊ ညမပြတ် ထည့်ပြီးလျှင် လောဘမီး၊ ဒေါသမီး၊ မောဟမီးပုံသို့ ခုန်ဆင်းကြသော သတ္တဝါတို့အား ငါတို့ ပိုးဖလံသည် မီးလျှံသို့ သက်ဆင်းသည်နှင့်မမျှ အဆအရာ၊ အဆအထောင် သာလွန်၍ တွေဝေ ကြ၏ဟု ဆိုရန် အခွင့်သင့်၏။

တုမှေ၊ သင်တို့ကား။ မယှံ၊ ငါ၏။ နလာဋေ၊ နဖူးပြင်၌။ သာသပမတ္တံ၊ မုန်ညင်းစေ့ခန့်မျှလောက်သော။ ပိလကံ၊ ပွေး၊ ညှင်း၊ တင်းတိပ်ကို။ တွံ၊ သင်သည်။ ပဿသိ၊ မြင်တတ်ပေစွ။ အတ္တနော၊ မိမိ၏။ နလာဋေ၊ နဖူးပြင်၌။ တာလပက္က- မတ္တံ၊ ထန်းသီးမှည့်ခန့်မျှ ပမာဏရှိသော။ မဟာဝဏံ၊ ကြီးလှစွာသောအမာကို။ နပဿတိ၊ မမြင်တတ်။

ဤသို့ စသည်ဖြင့် ပပဉ္စသူဒနီမည်သော မဇ္ဈိမနိကာယ် အဋ္ဌကထာ၌ လာသော ဥပဒေသပုံစံ စကားကိုယူ၍ အဟိတ်တိရစ္ဆာန် ပိုးဖလံတို့က မဆိုတန် ဆိုခဲ့ငြားသော် လူသားစင်စစ် ငါတို့ဖြစ်လျက်နှင့် ရှုံးနစ်စရာအကြောင်းသာ ထင်ကုန် ၏။

mgyoe.com

mgyoe.com

## သာလွန်တွေဝေရာသောကြောင့်

အဘယ့်ကြောင့်နည်း ဟူမူကား လောဘတည်းဟူသောမီးသည် အရဟတ္တမဂ်၏ရှေ့ ဂေါတြဘူဝေါဒါန်တိုင်အောင် လောင်ကျွမ်းတတ်၏။ ဒေါသတည်းဟူသောမီးကား အနာဂါမိမဂ်၏ရှေ့ ဂေါတြဘူဝေါဒါန်တိုင်အောင် လောင်ကျွမ်းလျက် မပြတ်တည်၏။ မောဟတည်းဟူသောမီးသည် အရဟတ္တမဂ်၏ရှေ့ ဂေါတြဘူဝေါဒါန်တိုင်အောင် လောင်လျက် မပြတ်တည်၏။ ဘုံအားဖြင့်ကား လောဘ၊ မောဟတည်းဟူသောမီးတို့သည် အောက်အဝီစိ၊ အထက်ဘဝဂ် ထုတ်ချင်းလျှို၍ ပူလောင်စေတတ်ကုန်၏။ ဒေါသတည်းဟူသောမီးသည် ကာမတစ်ဆယ့်တစ်ဘုံကို ကုန်စင်အောင် ပူလောင်စေတတ်၏။ ကမ္ဘာဖျက်မီးသည် ကြီးကြီးမားမား လောင်၏ဟူ၍ ဆိုသော်လည်း အာဘဿရဘုံကို လွန်၍ မလောင်နိုင်ကုန်။ ဤသို့ အားနည်းသော ပကတိမီးသို့ သက်ဆင်းကုန်သော အဟိတ်၊ တိရစ္ဆာန်၊ ပိုးဖလံ သတ္တဝါတို့ထက် အင်အားကြီးသောမီးသို့ သက်ဆင်းကုန်သော တို့၊ သူ၊ ငါက သာလွန်၍ တွေဝေရာရောက်ကုန်သောကြောင့်တည်း။

## အမျက်ဒေါသဟူသည်လည်း

တစ်ဆင့်တစ်ဆင့် ကြီးရင့်မာ၍ သတ္တဝါတို့၏ အကျိုးမဲ့ကို ပြုတတ်လေရကား ဥဒ္ဒုမာယိကမည်သောဖားနှင့် အလားတူ၏။ ထို့ကြောင့်...

ဘိက္ခု၊ ရဟန်း။ ခေါ၊ စင်စစ်။ ဥဒ္ဒုမာယိကာတိ၊ ဥဒ္ဒုမာယိကဖား မည်သည်ကား။ ကောဓဿ၊ အမျက်ဒေါသ၏။ နာမံ၊ အမည်တည်း။ ဤသို့ ဟောတော်မူအပ်၏။

## ဥဒ္ဒုမာယိကဖားပမာ

အမျက်ဒေါသ အယုတ်၏ ဥဒ္ဒုမာယိကမည်သော ဖားနှင့်အလားတူပုံကို ဝေဖန်၍ ပြတော်မူလိုသော အဋ္ဌကထာ ဆရာမြတ်သည် ပပဉ္စသူဒနီမည်သော မဇ္ဈိမနိကာယ် အဋ္ဌကထာ၌...

mgyoe.com

 mgyoe.com 

ဥဒ္ဓုမာယိကမဏ္ဍူကောနာမ၊ ဥဒ္ဓုမာယိကဖားမည်သည်ကား။ နောမဟာ-န္တော၊ မကြီးလွန်း။ နခပိဋ္ဌိပမာဏော၊ လက်သည်းခွံ၊ ခြေသည်းခွံ ပမာဏမျှသာ ရှိသည်။ ဟောတိ၊ ဖြစ်၏။ သုဿနပဏ္ဏန္တရေဝါ၊ သစ်ရွက်ခြောက်ကြား၌လည်း ကောင်း။ ဂစ္ဆန္တရေဝါ၊ ချုံကြား၌လည်းကောင်း။ ဝလ္လိအန္တရေဝါ၊ နွယ်ကြား၌လည်း ကောင်း။ ဝသတိ၊ နေ၏။ သော၊ ထိုဥဒ္ဓုမာယိကမည်သောဖားသည်။ ဒဏ္ဍကော-ဋိယာဝါ၊ လှံတံစွန်းဖြင့်လည်းကောင်း။ ဝလ္လိကောဋိယာဝါ၊ နွယ်စွန်းဖြင့်လည်း ကောင်း။ ပံသုစုဏ္ဏကေနဝါ၊ မြေမှုန့်အုတ်ကျောက်ဖြင့်လည်းကောင်း။ ဃဋ္ဋိတော၊ ထိခိုက်အပ်သည်ရှိသော်။ အာရုဗ္ဘိတွာ၊ တိုးပွား၍။ မဟန္တော၊ ကြီးသည်။ ပရိ-မဏ္ဍလော၊ လုံးသည်။ ဝေလုဝပက္ကပ္ပမာဏော၊ ဥသျှစ်သီးမှည့်ခန့်မျှ ပမာဏရှိသည်။ ဟုတွာ၊ ဖြစ်၍။ စတ္တာရောပါဒေ၊ ခြေလေးဖက်တို့ကို။ အာကာသဂတေ၊ ကောင်း ကင်၌ တည်သည်တို့ကို။ ကတွာ၊ ပြု၍။ ပတ္တိန္နဂမနော၊ မသွားတတ်သည်။ ဟုတွာ၊ ဖြစ်၍။ အမိတ္တဝသံ၊ ကျီး၊ သိန်း၊ စွန် စသော ရန်သူ့နိုင်ငံသို့။ ယာတိ၊ ရောက်၏။ ကာကကုလလာဒိဘတ္တမေဝ၊ ကျီး၊ သိန်း၊ စွန် စသည်တို့၏ အစာသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဧဝမေဝ၊ ဤအတူသာလျှင်။ အယံကောဓော၊ ဤအမျက်သည်။ ပဌမံ၊ ရှေးဦးစွာ။ ဥပ္ပဇ္ဇန္တော၊ ဖြစ်လတ်သည်ရှိသော်။ စိတ္တာဝိလမတ္တကောဝ၊ စိတ်နောက် ကျုံ့ရုံမျှသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တသ္မိံခဏေ၊ ထိုခဏ၌။ အနိဂ္ဂဟိတော၊ မနှိပ်နင်းနိုင်သည်ရှိသော်။ ဝမုတ္တွာ၊ တိုးပွား၍။ မုခမိကုလနံ၊ မျက်နှာရေတွန့်ရှုံ့ ခြင်းသို့။ ပါပေတိ၊ ရောက်စေ၏။ တဒါ၊ ထိုအခါ၌လည်း။ အနိဂ္ဂဟိတော၊ မနှိပ် နင်းနိုင်သည်ရှိသော်။ အနုသဉ္စောပနံ၊ နှုတ်ခမ်းမေးဖျား လှုပ်ခြင်းသို့။ ပါပေတိ၊ ရောက်စေ၏။ တဒါ၊ ထိုအခါ၌လည်း။ အနိဂ္ဂဟိတော၊ မနှိပ်နင်းနိုင်ပြန်သည် ရှိသော်။ ဖရုသဝါစာနိစ္ဆာရဏံ၊ နင်၊ ဟယ် စသည်ဖြင့် ကြုံးတိုးကြမ်းတမ်း ပြောဆို ခြင်းသို့။ ပါပေတိ၊ ရောက်စေ၏။ တဒါ၊ ထိုအခါ၌။ အနိဂ္ဂဟိတော၊ မနှိပ်နင်း နိုင်ပြန်သည်ရှိသော်။ ဒိသာဝိလောကနံ၊ အရှေ့၊ အနောက်၊ တောင်၊ မြောက်လေးပါး ကြည့်တည့်ကြောင်တောင် ကြည့်ခြင်းသို့။ ပါပေတိ၊ ရောက်စေ၏။

တဒါ၊ ထိုအခါ၌လည်း။ အနိဂ္ဂဟိတော၊ မနှိပ်နင်းနိုင်ပြန်သည်ရှိသော်။ အာကမုနပရိကမုနံ၊ ဆွဲခြင်း၊ ငင်ခြင်းသို့။ ပါပေတိ၊ ရောက်စေ၏။ တဒါ၊ ထို

mgyoe.com

mgyoe.com

အခါ၌လည်း။ အနိဂ္ဂဟိတော၊ မနှိပ်နင်းနိုင်ပြန်သည်ရှိသော်။ ပါဏိနာ၊ လက်ဖြင့်။ လေဍ္ဍုဒဏ္ဍသတ္ထပရာမာသနာ၊ အုတ်၊ ကျောက်၊ လှံ၊ ဓားလက်နက်ကို ကိုင်ခြင်းသို့။ ပါပေတိ၊ ရောက်စေ၏။ တဒါ၊ ထိုအခါ၌လည်း။ အနိဂ္ဂဟိတော၊ မနှိပ်နယ်နိုင်ပြန်သည်ရှိသော်။ ဒဏ္ဍသတ္ထဝိနိပါတံ၊ တုတ်၊ လှံတံ၊ ဓားလက်နက်တို့ဖြင့် ရိုက်နှက်ခုတ်ထစ်ခြင်းသို့။ ပါပေတိ၊ ရောက်စေ၏။ တဒါ၊ ထိုအခါ၌လည်း။ အနိဂ္ဂဟိတော၊ မနှိပ်နင်းနိုင်ပြန်သည်ရှိသော်။ ပရဃာတနံပိ၊ သူတစ်ပါးကို သတ်ခြင်းသို့လည်းကောင်း။ အတ္တဃာတနံပိ၊ မိမိကိုယ်ကိုသတ်ခြင်းသို့လည်းကောင်း။ ပါပေတိ၊ ရောက်စေ၏။

## ဒေါသအမျက် အောက်နရက်သို့

ဤသို့လျှင် ဤလောက၌ မြွေပွေး၊ မြွေဟောက်တို့၏ အဆိပ်သည် အဆင့်ဆင့် တန့်ရပ်၍ မူးဝေထိုင်းမှိုင်းခြင်း စသည်ကိုဖြစ်စေလျက် တစ်ရွေ့ထက်တစ်ရွေ့ တက်၏။ တစ်စုံတစ်ခု ဆေးဝါးမန္တရားဖြင့် ကုစားခြင်းငှာ မတတ်နိုင်သည်ဖြစ်အံ့။ ဇီဝိတိန္ဒြေ ပျက်စီးသည်တိုင်အောင် သတ္တဝါတို့၏ အကျိုးမဲ့ကို ဖြစ်စေ၏။ ထို့အတူ အမျက်ဒေါသသည်လည်း အဆင့်ဆင့် ကြီးရင့်မာ၍ အသက်သေဆုံးသည်တိုင်အောင် သတ္တဝါတို့၏ အကျိုးမဲ့ကို ဖြစ်စေ၏။ ထို့အတူ အမျက်ဒေါသသည်လည်း ဤမျှမက တမလွန်ဘဝ၌လည်း အပါယ်နရက်၌ ကျက်ခြင်း အစရှိသော ဘေးရန်ကိုလည်း ဖြစ်စေ၏။ အဌကထာသခင် အရှင်မြတ်ကား ဥဒ္ဓုမာယိကဖားကို ကျီး၊ သိန်း၊ စွန် စသည်တို့၏ လက်သို့ရောက်၍ ပျက်စီးလေသည်နှင့် အလားတူရုံမျှတွင် ရည်ရွယ်တော်မူ၍ အမျက်ဒေါသ၏ သတ္တဝါတို့အား ပျက်စီးစေဟန်ကို တစ်ဘဝဖြင့် ပိုင်းခြား၍ ပြတော်မူသော အရာသာဖြစ်သည်။

## ရွဲကုန်သည်၏ဒေါသ

ထို့ကြောင့် မဟုတ်လော၊ သေရိဝါဏိဇဇာတ်၌ ခိုက်ရန်ဖြစ်ပွားကြသော ဒေဝဒတ်အလောင်း ရွဲကုန်သည်၏ အမျက်ဒေါသသည် တစ်ဆင့်တစ်ဆင့် ကြီးရင့်တိုးပွားလျက် မကောင်းသော အကျိုးကိုပေး၍ ယခုထက်တိုင် လက်စမသိမ်း

နိုင်အောင်ရှိသဖြင့် အဝီစိနရက်၌ ကျက်ဆဲပင်ဖြစ်၏။ ဤအမျက်ဒေါသဖြစ်လတ်သည်ရှိသော် မိမိ၏အကျိုးစီးပွား သူတစ်ပါးတို့၏ အကျိုးစီးပွားကို မမြင်နိုင်။ အမျက်ဒေါသဟူသည် သူယုတ်မာတို့၏ ကျက်စားရာ၊ တည်ရာဖြစ်၏။

## ဒိဋ္ဌိဂေဟာ

ဥပမာ…အဘယ်ကဲ့သို့နည်းဟူမူကား မိစ္ဆာဒိဋ္ဌိ လူမျိုးတို့၏ အိမ်သည် တိတ္ထိတက္ကတွန်းတို့၏သာလျှင် စုဝေးရာဖြစ်သကဲ့သို့လည်းကောင်း၊ မစင်ပုပ်သည် စက်ဆုတ်ဖွယ်ရှိကုန်သော ပိုးလောက်တို့၏သာလျှင် စုဝေးရာ၊ တည်ရာဖြစ်သကဲ့သို့လည်းကောင်း၊ သုရာသောဏ္ဍာမည်သော သေတင်းကုတ်သည် လူပေ၊ လူသွမ်း၊ လူမိုက်၊ လူမလိမ္မာတို့၏သာလျှင် စုဝေးရာ၊ တည်ရာဖြစ်သကဲ့သို့လည်းကောင်း၊ အမျက်ဒေါသသည် ပညာမဲ့သူ လူပြိန်း၊ လူဖျင်းတို့၏ စုဝေးရာ၊ တည်ရာဖြစ်၏။ အမျက်ဒေါသ ဖြစ်လတ်သည်ရှိသော် သတ္တဝါတို့၏သန္တာန်၌ ကုသိုလ်ဓမ္မဟူသမျှတို့သည် မကပ်မရောက်လာကုန်ပြီ။ အမျက်ဒေါသဟူသည်ကား ကြောက်မက်ဖွယ်သော ကိလေသာ စစ်သည်နှင့်တကွ ဖြစ်၏။ မိမိက အားကြီးသည်ဖြစ်၍ များစွာကုန်သော သတ္တဝါတို့ကို မိမိအလိုသို့ လိုက်စေနိုင်၏။

ပွတ်ခုံပွတ်ကျေ၌ ပွတ်တိုက်အပ်သည်ရှိသော် မီးသည်ဖြစ်၏။ အကြင်မြက်၊ သစ်ရွက်ထင်းမှ အကြင်မီးသည် ဖြစ်၏။ ထိုမီးသည် ထိုထင်းကိုသာလျှင် လောင်၏။ ထို့အတူ ပညာနုံ့နှေးသော လူမိုက်သည် လူလိမ္မာအား ချုပ်ခြယ်ခြင်းကြောင့် အကြင်ပုဂ္ဂိုလ်မှ အမျက်ဒေါသသည် ဖြစ်၏။ ထိုပုဂ္ဂိုလ်ကို ထိုအမျက်ဒေါသသည်သာလျှင် ပူလောင်စေတတ်၏။ မြက်၊ သစ်ရွက်ထင်း၌ မီးကဲ့သို့ အကြင်ပုဂ္ဂိုလ်အား အမျက်ဒေါသသည် ပွားများ၏။ ထိုပုဂ္ဂိုလ်အား လဆုတ်ပက္ခ၌ လကဲ့သို့ စည်းစိမ်ချမ်းသာသည် ဆုတ်ယုတ်၏။

## နှိုးနှောချက်

ဤဥပမာ၌ မီးကဲ့သို့ ဒေါသကို မှတ်အပ်၏။ ပွတ်ခုံကဲ့သို့ ဒွါရကို မှတ်အပ်၏။ ပွတ်ကျေကဲ့သို့ အာရုံကို မှတ်အပ်၏။ ပွတ်ခုံပွတ်ကျေကို တိုက်သော

အခါ ထိုပွတ်ခုံပွတ်ကျေမှ မီးသည်ဖြစ်သကဲ့သို့ ဒွါရအာရုံ ထိခိုက်ကြသည်ရှိသော် ဒေါသဖြစ်ခြင်းကို မှတ်အပ်၏။ ပွတ်ခုံပွတ်ကျေမှ ဖြစ်သောမီးသည် ပွတ်ခုံပွတ်ကျေ ထင်းကို လောင်သကဲ့သို့ ဒွါရအာရုံ၌ ဖြစ်သောမီးသည် ဒွါရအာရုံကို အကြောင်း ပြု၍ ပုဂ္ဂိုလ်အား စွဲလောင်ခြင်းကို မှတ်အပ်၏။ ပွတ်ခုံပွတ်ကျေထင်းကို ပွတ်တိုက်၍ စွဲလောင်သည်ရှိသော် တရှေ့တရှေ့ ပွတ်ကျေထင်း စသည်တို့၌ ဆုတ်ယုတ်လေ သကဲ့သို့ ထိုအမျက်ထွက်သောပုဂ္ဂိုလ်အား အမျက်ထွက်သည်ရှိသော် တရှေ့တရှေ့ စီးပွားချမ်းသာ ဆုတ်ယုတ်၏။

## ကဏှာရသေ့ဝတ္ထု

ထိုမှတစ်ပါး ကဏှဇာတ်၌ ဘုရားအလောင်းတော် ကဏှာရသေ့သည် ပျို့ရွယ်စဉ်ကာလ ကာမဂုဏ်ချမ်းသာကို အလိုမရှိပါဘဲလျက် အနိုင်အထက် မိဘတို့ ထိမ်းမြားသော အဆွေခင်ပွန်းမနှင့်တကွ မိဘတို့ သေလွန်လျှင် ဥစ္စာခမ်းနား ရှိသမျှကို သူတစ်ပါးတို့အား ပေးကမ်းစွန့်ကြဲခဲ့၍ ဟိမဝန္တာတောအရပ်သို့ဝင်ပြီး လျှင် ရေခံတက်ပင်တစ်ခုကို ဂေါစရဂါမ် ဆွမ်းခံရွာကဲ့သို့ နှလုံးသွင်းလျက် အမှီ သဟဲပြု၍ အာရညိကင်ဓုတင်၊ ရုက္ခမူဓုတင်၊ အဗ္ဗောကာသိကဓုတင်၊ နိသဇ္ဇိ ဓုတင်၊ ဧကာသနိကဓုတင်တို့ကို ဆောက်တည်၍နေ၏။ အလွန် အလိုနည်း၏။ သစ်သီးကြီးငယ်ကိုမျှ ရှာမှီး၍မစား၊ ရေခံတက်ပင်မှ ကြွေကျသော အသီးအပွင့် ကိုသာ စား၏။ ကာလကြာလွန်သော် နံနက်အခါ ရေခံတက်ပင်၏ အသီးအမှည့် တို့ကို ကောက်ယူအံ့သောငှာ တစ်ရပ်တစ်ပါးသို့ မထမသွား၊ ထိုင်ရာအရပ်က သာလျှင် လက်ကိုဆန့်၍ လက်လှမ်းမီရာ အရပ်ကသာလျှင် ကောက်ယူ၏။ လက်လှမ်းမီရာ အရပ်၌သော်လည်း ကောင်း၊ မကောင်းကို မရွေးမခြယ်၊ ရရသမျှ ကိုသာ ကောက်ယူ၏။

## ပဏ္ဏုကမ္ဗလာ ကျောက်ဖြာပူကြောင်း ၄-ရပ်

ဤသို့ လွန်စွာ ရောင့်ရဲသော ထိုကဏှာရသေ့၏ သီလတန်ခိုးအာနုဘော် ကြောင့် သိကြားနတ်မင်း၏ ပဏ္ဏုကမ္ဗလာကျောက်နေရာသည် ခက်မာထန်ပြင်း

mgyoe.com

လျက် ပူသောအခြင်းအရာကို ပြ၏။ သိကြားနတ်မင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်နေရာဟူသည် သိကြားနတ်မင်း၏ အသက်ကုန်သောကြောင့်လည်းကောင်း၊ ကံကုန်သောကြောင့်လည်းကောင်း၊ သူတစ်ပါးတို့က သိကြားအရာကို တောင့်တသောကြောင့်လည်းကောင်း၊ ဘုန်းတန်ခိုးကြီးကုန်သောသူတို့၏ သီလဒါနတန်ခိုးကြောင့်လည်းကောင်း၊ ဤလေးပါးသောအကြောင်းကြောင့် ခက်မာပြင်းထန်လျက် ပူသောအခြင်းအရာကို ပြ၏ဟု အဋ္ဌကထာ၌ လာသည်။ ထိုအခါ သိကြားနတ်မင်းကားဆင်းသက်၍ လျင်စွာ လာခဲ့ပြီးလျှင် ထိုကဏှာရသေ့၏ ဒေါသအမျက်နည်းပါးသည်၊ ပွားများသည်ကို စုံစမ်းလို၍ အို…ယောကျ်ား၊ သင်သည် မည်းနက်စွတကား၊ လူကိုယ် မူလက မည်းနက်လျက် ကြည့်ရှုချင်စရာ မရှိရာတွင် မည်းနက်ရာ မြေအရပ်၌နေလျက် မည်းနက်သောအစာကို စားပြန်ခဲ့၏။ ကိုယ်နှင့်နေရာအစာသုံးချက် မည်းနက်သောအရာကို ငါအမြင်ကပ်၏ဟု မခံချိစရာ လာ၍ပြောဆိုလျှင် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ပြန်၍မကြည့်ဘဲ သိကြားနတ်မင်း၏အဖြစ်ကိုသိ၍ အို…သိကြားနတ်မင်း၊ **အရေအဆင်း မည်းနက်သော်လည်း လူမည်း၊ လူနက်ဟု မဆိုသာ၊ စိတ်ဖြောင့်စင်း၍ အတွင်းဖြူလျှင် လူလိမ္မာ၊ လူစင်ကြယ်ဟူ၍ဆိုအပ်၏။**

## ဆုလေးပါး

ကိုယ်တွင်းမှ ကိလေသာ ရမ္မက်အကုသိုလ်အားဖြင့် မည်းနက်မှ လူနက်၊ လူမည်းဟူ၍ ခေါ်ဆိုထိုက်သည်ဟု ပြန်ကြားညွှန်ပြသော ဓမ္မဒေသနာကိုကြားရလျှင် မာဃဝမည်သော သိကြားနတ်မင်းသည် အလွန်ကြည်ညိုသော စိတ်နှလုံးရှိသည်ဖြစ်၍ ဆုကိုပေးရာ ကဏှာရသေ့က ရှေးဦးစွာ အမျက်ဒေါသမရှိခြင်း၊ နိက္ကောဓ၊ နောက်၌ အမျက်မထွက်ခြင်း။ နိဒ္ဒေါသ၊ သူတစ်ပါးဥစ္စာကို မတပ်မနှစ်သက်ခြင်း။ နိလ္လောဘ၊ သားသမီး အစရှိသော သဝိညာဏက ရွှေ၊ ငွေ၊ စပါး အစရှိသော အဝိညာဏက၊ မိမိဥစ္စာတို့၌သော်လည်း မတပ်မနှစ်သက်ခြင်း။ နိသိနေဟ၊ ဤဆုလေးပါးကို ငါ့အားပေးပါလော့၊ ဤသို့ သိကြားနတ်မင်းအား တောင်းသော်လည်း မရကောင်း၊ မရသာ၊ မပေးနိုင်ဟု သိပြားသော်လည်း သိကြားနတ်မင်းအား တရား

mgyoe.com

mgyoe.com

ဟောလိုသည်ဖြစ်၍ ဤဆုလေးပါးကိုတောင်းလျှင် အရှင်ကဏှာရသေ့၊ ရှေးဦးစွာ အမျက်ထွက်ခြင်း ကောဓ၊ နောက် အမျက်ထွက်ခြင်းဒေါသ၊ သူတစ်ပါးစည်းစိမ်၌ စုံမက်နှစ်သက်ခြင်း လောဘ၊ မိမိဥစ္စာ၌ ချစ်မြတ်နိုးခြင်း။ သိနေဟ၊ ဤတရားတို့၌ အသို့ အပြစ်မြင်ပါသနည်းဟု မေးလေလျှင် ဘုရားအလောင်း ကဏှာရသေ့က…

## ကောဓနှင့် ဒေါသအပြစ်

သုဇံပတိ၊ အို…သိကြားနတ်မင်း၊ အက္ခန္တိဇော၊ သည်းမခံခြင်းကြောင့်ဖြစ်သော။ သောကောဓော၊ ထိုရှေးဦးစွာထွက်သော အမျက်ဒေါသသည်။ အပ္ပေါ၊ အဦးအစက အနည်းငယ်မျှသာ။ ဟုတွာ၊ ဖြစ်၍။ ဗဟု၊ နောင်ကြာမြင့်သဖြင့်ကြီးရင့်ပွားများတတ်သည်။ ဟောတိ၊ ဖြစ်၏။ ဝဍ္ဎုကော၊ ဥဒ္ဒုမာယိကမည်သောဖားကဲ့သို့ တိုးပွားတတ်သည်။ ဟောတိ၊ ဖြစ်၏။ ဗဟုပါယာသော၊ များစွာပင်ပန်းကြောင်းဖြစ်သော ကောဓသည်။ အာဃာတံ၊ အသက်ရန်ငြိုးဖွဲ့သောအားဖြင့် ကပ်ငြိခြင်းကို။ ကရောတိ၊ ပြု၏။ တသ္မာ၊ ထို့ကြောင့်။ ကောဓံ၊ ရှေးဦးစွာ အမျက်ထွက်ခြင်း ကောဓကို။ နရောစယေ၊ ငါ မနှစ်သက်သတည်း။

ဒုဋ္ဌဿ၊ ရှေးဦးစွာ အမျက်ထွက်ခြင်း ကောဓဖြစ်၍ နောက်အဖို့၌ မပြတ်မစဲ အမျက်ထွက်သော ပုဂ္ဂိုလ်အား။ ဖရုသဝါစာ၊ နင်၊ သင်၊ အို၊ ဟယ် စသည်ဖြင့် ကြမ်းတမ်းသောစကားကို။ နိစ္ဆာရေတိ၊ မြွက်၏။ အနန္တရံ၊ ထိုနောင် အခြားမဲ့၌။ ပရာမာသော၊ ခြေလက်ကို ဆန့်တန်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထို့နောင်မှ။ ပါဏိ၊ လက်ဖြင့်ဆွဲရမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထို့နောင်မှ။ ဒဏ္ဍော၊ တုတ်၊ လှံတံ စသည်ကို ကိုင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထို့နောင်မှ။ သတ္ထဿ၊ ဓား၊ လက်နက်ကို။ ပရာမသတိ၊ သုံးသပ်ကိုင်ငင်၏။ ဒေါသော၊ နောက်ဖြစ်သော အမျက်ဒေါသသည်။ ကောဓ သမုဋ္ဌာနော၊ ရှေးဦးစွာဖြစ်သော ကောဓလျှင် အကြောင်းရင်းရှိ၏။ တသ္မာ၊ ထို့ကြောင့်။ ဒေါသံ၊ နောက်အမျက်ထွက်ခြင်းကို။ နရောစယေ၊ ငါမနှစ်သက်သတည်း။ ဤသို့ သိကြားနတ်မင်းအား ဘုရားလောင်း ကဏှာရသေ့က ကောဓ၊ ဒေါသတို့၏ အပြစ်ကို ပြဆိုဟောကြားလေသတည်း။

mgyoe.com

mgyoe.com

လောဘသည် တရားကိုယ်အားဖြင့် မပြားသော်လည်း ရှေးဦးစွာဖြစ်သော လောဘကို လောဘ၊ နောက်ဖြစ်သော လောဘကို ဥပါဒါန်၊ တစ်နည်းကား အားနည်းသော လောဘကို လောဘ၊ အားကြီးသော လောဘကို ဥပါဒါန်ဟူ၍ အမည်နှစ်ပါးဖြင့် ပိုင်းခြား၍ ဆိုသကဲ့သို့။ ထို့အတူ ရှေးဦးစွာဖြစ်သော ဒေါသကို ကောဓ၊ နောက်ဖြစ်သော ဒေါသကို ဒေါသ။ တစ်နည်းကား အနည်းငယ်သော ဒေါသကို ကောဓ၊ အားကြီးသော ဒေါသကို ဒေါသဟူ၍ အမည်နှစ်ပါးဖြင့် ပိုင်းခြား၍ ဆိုအပ်၏။ လောကူ ပမာအားဖြင့် ပြသည်ရှိသော် ထန်းရည်အနည်းငယ်ကိုပင်လျှင် ပေါင်းစုတွေခဲသော် တင်လဲဟူ၍ ဆိုအပ်သကဲ့သို့လည်းကောင်း၊ နို့ကိုပင်လျှင် အစိုင်အခဲဖြစ်က နို့ဓမ်းထောပတ်ဟူ၍ ဆိုအပ်သကဲ့သိုလည်းကောင်း၊ တစ်ခုသောတရားကို နှစ်ပါးသောအမည်ဖြင့် ဆိုအပ်၏။ ဤကဏှဇာတ်ဒေသနာတော်ကို ထောက်၍လည်း သာမညအားဖြင့် ဒေါသ၏အပြစ်ကို ဝိသေသအားဖြင့် ကောဓ၊ ဒေါသတို့၏ အပြစ်ကို သိအပ်မှတ်အပ်၏။

## ကလာဗုမင်းဝတ္ထု

ဒေါသကြောင့် ပစ္စုပ္ပန်သံသရာနှစ်ဖြာသော အကျိုးစီးပွား ပျက်စီးဟန်ဒွိ ပုံစံဝတ္ထုသက်သေကို ထုတ်ဆောင်သော်ကား ကလာဗုမင်းသည် ဥယျာဉ်တော်၌ မောင်းမမိဿံ ခြွေရံအပေါင်းတို့ဖြင့် ခြံရံလျက် ပျော်စက်နေရာ မောင်းမမိဿံ တို့ခွာသွား၍ ခန္တိဝါဒီရသေ့အား ရှိခိုးပူဇော် ဖူးမြော်၍ နေကြရာတွင် ငါ၏အထံမှ ဖဲကြဉ်ခွာရှဲ၍ စဉ်းလဲသော ရသေ့အား ခစားကြလေသည်ဟု သည်းမခံနိုင်သဖြင့် ခန္တိဝါဒီရသေ့အား ခြေ၊ လက်၊ နှာခေါင်း စသော အင်္ဂါကြီးငယ်တို့ကို ဖြတ်စေ၍ မမြင်ဝံ့၊ မရှုဝံ့အောင် ပြစ်မှား၍ နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာ ပထဝီမြေခပင်းက မြင်းမိုရ်သတ္တရဖန်၊ တောင်ရံခုနစ်ဖြာ၊ သီဒါခုနစ်ရစ်၊ မြစ် သမုဒ္ဒရာ၊ ဟိမဝန္တာ တောတောင်များကို ငါရွက်ဆောင်၍ နေရသော်လည်း အမှု မထား၊ ဝန်မလေး၊ အမျက်ဒေါသ၊ မာနဆို့ပိတ်၊ ဣဿာမစ္ဆရိယ အစရှိသော မကောင်းသော အကုသိုလ် အညစ်အကြေးတို့ဖြင့် ထွေးရှက်လိမ်းကျံသော ကလာဗုမင်းကို ငါခံပြင်း ဝန်လေးလှသည်ဟု ဆိုဘိသကဲ့သို့ဖြစ်၍ မြေနှစ်ဖြာကွဲပြီးလျှင် အဝီစိငရဲသို့ ဆောင်လေ၏။

mgyoe.com

mgyoe.com

ဤသို့ ဒေဝဒတ်အလောင်း ကလာဗုမင်း၏ အဝီစိနရက်၌ ကျက်ရခြင်းသည်လည်း ဒေါသအကြောင်းရင်းရှိ၏ဟု အဋ္ဌကထာဆရာမြတ်တို့ မိန့်တော်မူကုန်၏။ ဤသို့လျှင် မျက်ဝါးထင်ထင် မြင်ရသည်ကို မဆိုထားဘိဦး၊ ကြားရကာမျှပင်လျှင် ကြက်သီးမွေးညင်းထ၍ စိတ်ပျံ့လွင့်ခြင်းသို့ ရောက်လုဘနန်းမျှဖြစ်သော အပြစ်ကြီးစွာကို ဤအမျက်ဒေါသလျှင် ဖြစ်စေ၏။

## မဟာပတာပမင်းဝတ္ထု

ထိုမှတစ်ပါး စူဠဓမ္မပါလဇာတ်၌လည်း မဟာပတာပမင်းသည် စန္ဒာဒေဝီမိဖုရားကြီးအား ခုနစ်လအရွယ်သာဖြစ်၍ ပျိုမျစ်နုနယ်လှသော သားငယ်ကို ပိုက်ဖက်၍ နေစဉ်အခါဖြစ်သောကြောင့် မဟာပတာပမင်းလာသည်ကို နေရာမှ မထဘဲ နေမိသည့်အတွက်ကြောင့် သားငယ်တစ်ယောက် ရကာမျှဖြင့် ငါ့ကို မထိမဲ့မြင်ပြုသည်ဟု ဆူဝေသော အမျက်ဒေါသဖြင့် ခုနစ်လအရွယ်ဖြစ်သော ဘုရားလောင်း ဓမ္မပါလသားငယ်ကို ဆောင်ယူစေ၍ မယ်တော်က ခုနစ်လသာရှိသေးသော သားငယ်သည် အဘယ်ကိစ္စကိုမျှ မသိပါသေး။ အကျွန်ုပ်၏ အပြစ်သာဖြစ်ပါသည်။ အကျွန်ုပ်ကိုသာ အပြစ်ထိုက်ရာ စီရင်တော်မူပါဟု တောင်းပန်ပါလျက် ကောင်းကင်သို့မြှောက်၍ အောက်က သန်လျက်ကိုခံသဖြင့် သန်လျက်ပန်းကစား၍ အလွှားလွှား ပြတ်စေရာ မဟာပထဝီ ဤမြေဝသုန်သည် တုန်တည်းတုန်လျှင် ဟစ်ကြော်လျက် နှစ်ဖြာကွဲ၍ အဝီစိငရဲသို့ ဆောင်ယူလေ၏။ ဤသို့ ဆောင်ယူခြင်းသည်လည်း ဒေါသလျှင် အကြောင်းရင်းရှိ၏။ စန္ဒာဒေဝီမိဖုရားလည်း သားကို အကြောင်းပြု၍ ငိုယိုမြည်တမ်းစဉ်ပင်လျှင် တောမီးလောင်၍ ကွဲသောဝါးကဲ့သို့ နှလုံးသား နှစ်ဖြာကွဲ၍ ဝိညာဉ်ချုပ်လေ၏။ မြေနှစ်ဖြာ ကွဲ၍မျိုသော မဟာပတာပမင်းအားလည်း အဝီစိနရက် မီးလျှံတက်၍ ဘိုး၊ ဘွား၊ မိဘမှ အမွေဆင်းသက်၍ရသော ကမ္ဗလာနီ ဝတ်လုံကဲ့သို့ ခြုံရုံ၍ ဆောင်ယူလေ၏။

ဤအရာဝယ် ပဉ္စကနိပါတ် စူဠဓမ္မပါလဇာတ် အဋ္ဌကထာ၌ မဟာပတာပမင်းကို မြေမျို၍ အဝီစိနရက်သို့ ဆောင်ယူလေ၏။ စန္ဒာဒေဝီမိဖုရား၊ သားတော်ဓမ္မပါလမင်းသားတို့၏ အလောင်းနှစ်ခုကို ထင်းပုံတစ်ခုတည်း၌ တင်၍ မီးသဂြိုဟ်ကြောင်းကို ဆိုသည်။

mgyoe.com

mgyoe.com

စတ္တာလီသနိပါတ် တေသကုဏဇာတ်၌ မဟာပတာပမင်း၏ ဒေါသအမျက်ကြောင့် ပျက်စီးဟန်ကိုပြဆိုရာ စကားတွင် မဟာပတာပမင်းသည် သားကိုသတ်၍ သား၌ စိုးရိမ်သော သောကဖြင့် နှလုံးသားနှစ်ဖြာကွဲ၍ သေဆုံးပျက်စီးသော စန္ဒာဒေဝီမိဖုရား၏ အလောင်းကိုမြင်လျှင် ပင်ပန်းကြီးစွာရောက်၍ မိမိလည်း နှလုံးသားနှစ်ဖြာကွဲ၍ ထိုခဏ၌ပင်လျှင် ပျက်စီးတိမ်းယိမ်းသဖြင့် ထင်းပုံတစ်ခုတည်း၌ အလောင်းသုံးခုကို တစ်ပြိုင်နက် သင်္ဂြိုဟ်ကြကုန်၏ဟု ဆိုသည်။ ထိုသို့ ပဉ္စကနိပါတ်၊ စတ္တာလီသနိပါတ်ဇာတ် အဋ္ဌကထာနှစ်စောင်တို့၌ မဟာပတာပမင်း အတ္ထုပ္ပတ္တိကိုပြဆိုရာ စကားနှစ်ရပ်တို့သည် မစပ်ဟပ် မနီးနှော အချင်းချင်း မညီမညွတ်ရှိ၏။ ထိုသို့ အချင်းချင်း မညီမညွတ်သကဲ့သို့ရှိသော်လည်း တစ်ခုဟုတ်က တစ်ခုမှားအံ့သည်သာ။ တစ်ခုသော အနက်သဘောသည် ဖြုလျှင် မမည်းရာ၊ မည်းလျှင် မဖြုရာ၊ အဋ္ဌကထာသခင် အရှင်မြတ်တို့၏ စကားသည်လည်း အရှင်မဟာကဿပ အစရှိကုန်သော အဘိညာဉ်ရ ဈာနလာဘီ မြတ်စွာ ဘုရား၏သားကြီးသြရသကဲ့သို့ ဖြစ်တော်မူကုန်သော ရဟန္တာ အရှင်မြတ်တို့၏ အမိန့်တော်ရင်းအတိုင်း မဟာအဋ္ဌကထာကို အမှီပြု၍ အရှင်ဗုဒ္ဓဃောသ အရှင်မြတ်သည် ပြုပြင်စီရင်တော်မူအပ်သည်ဖြစ်၍ ကျောက်ထီးကဲ့သို့ အလေးပြုအပ်သောအရာဖြစ်သည်။ မြင်မြင်ဝါးဝါး ပုဂ္ဂိုလ်သာမန်တို့၏ စကားမဟုတ်ချေ။ ယင်းသို့ဖြစ်၍ အဋ္ဌကထာနှစ်ရပ်ကို စေ့စပ်အောင် နီးနှော၍ စိန္တာမယဉာဏ်ဖြင့် ကြံဆမှတ်ယူရာ၏။

အဘယ်သို့ မှတ်ယူရာသနည်းဟူမူကား စတ္တာလီသနိပါတ် တေသကုဏဇာတ် အဋ္ဌကထာ၌ မဟာပတာပမင်းသည် စန္ဒာဒေဝီမိဖုရား၏ အလောင်းကို မြင်သဖြင့် ပိယဝိပ္ပယောဂ ဒုက္ခကြီးစွာရောက်၍ နှလုံးနှစ်ဖြာ ကွဲပြီးလျှင် သေ၍ မြေသို့ သက်ဝင်လေ၏။ ထိုအခါ၊ ထိုနေရာ၊ ထိုအရပ်တွင် ဘုရားလောင်း ဓမ္မပါလမင်းသား၏ အလောင်းနှင့်တကွ စန္ဒာဒေဝီမိဖုရား၏ အလောင်းကို မီးသင်္ဂြိုဟ်၏။ ထိုသို့ အရပ်ဌာန တူသည်ကိုစွဲ၍ အလောင်းသုံးခုကို တစ်ခုတည်းသော ထင်းပုံ၌ မီးသင်္ဂြိုဟ်၏ဟု ဆိုတော်မူဟန် ရှိ၏။

ပဉ္စကနိပါတ်၊ စူဠဓမ္မပါလဇာတ် အဋ္ဌကထာမှာကား အရပ်ဌာနပင်တူသော်လည်း မဟာပတာပမင်းအား မြေမျို၍ အလောင်းထင်ရှား မရှိလေရကား သား၊

mgyoe.com

mgyoe.com

မယ်တော်နှစ်ယောက်တို့၏ အလောင်းနှစ်ခုသာ မီးသင်္ဂြိုဟ်၏ဟု ဆိုတော်မူလေဟန် ရှိ၏။ ထိုသို့ ယူချေသည်ရှိသော် အဠကထာနှစ်စောင်တို့၏ စကားသည် ယမုံနာနှင့် ဂင်္ဂါမြစ်ရေသည် နှစ်ထွေမပြားသကဲ့သို့ စကားချင်း စေ့စပ်နီးနှောရာ၏။ ဤသို့ မညီမညွတ်ဟန်ဖြင့် ထင်သောအရာ ဌာနများ၌ စိန္တာမယဉာဏ်ကို စေလွှတ်၍ ညီညွတ်သင့်တင့်သော အနက်သဘောကို ရှာမှီးခြင်းသည်ကား ရှေးရှေးဋီကာသခင် အရှင်သူမြတ်တို့၏ ဥပဒေသတည်း။ အစိန္တေယျ သုံးလူ့ထွတ်ထား ဘုရားသခင်သည်လည်း ငါ၏ချစ်သား ရဟန်းတို့၊ ငါဘုရား ဟောကြားတော်မူအပ်သော ဒေသနာတော်ကို သဒ္ဒါအနက် နှစ်ပါးဖြင့် မပျက်ပြားစေမူ၍ ဆောင်ယူမှတ်သားခြင်းသည် ငါဘုရား၏ သာသနာတော်ကို မြင့်ရှည်စွာ တည်စေခြင်း၏ အကြောင်းဖြစ်၏ဟု ဒုကင်္ဂုတ္တရနိကာယ်၌ ဟောတော်မူသည်။

## မြေမျို၏ဟူသည်မှာလည်း

ထင်ရှားရှိသောကိုယ်ကို မြေမျို၍ အောက်နရက်သို့ သက်ဆင်းကျရောက်သောအခါ အောက်ငရဲ၌ ဥပပါတ် ပဋိသန္ဓေဖြင့် စွဲယူခံနေရ၏ဟု သိအပ်၏။ အချို့…အချို့ ဆရာများကား မြေမျို၏ဟုဆိုသော်လည်း ကိုယ်အလောင်းကား ထင်ရှားလူ့ဘုံတွင်ရှိ၏။ စုတိနှောင် ပဋိသန္ဓေအားဖြင့် ငရဲ၌ ကျရောက်သည်သာ မြေမျို၏ဟု ဆိုလိုသည်ဟူ၍ မိန့်ဆိုကြကုန်၏။ ထိုဆရာတို့၏ ဝါဒကိုဆင်ခြင်သော် ငရဲ၌ ကျရောက်သောသူ ဟူသမျှပင် မြေမျိုသည်ချည်း မည်ထိုက်ရာ၏။ အဘယ့်ကြောင့်နည်းဟူမူကား စုတိနှောင် ငရဲ၌ကျရောက်၍ ပဋိသန္ဓေစွဲနေ လှမ်းယူကြသည်ချည်း ဖြစ်သောကြောင့်တည်း။ ပုံစံသက်သေအားဖြင့်လည်း မုသာဝါဒကံကြောင့် စေတိယမင်းကို မြေမျို၏ဟုဆိုရာ စေတိယဇာတ်မှာလည်း မေးဖျား၊ လည်၊ သားမြတ် စသည်ဖြင့် အဆင့်ဆင့် မြေဝယ်နစ်၍ မြေသို့သက်ဆင်းဝင်ကြောင်းကိုဆိုသော စကားများနှင့်လည်း ထောက်ထားနိုင်းယှဉ်အပ်၏။

(ဤစကားများကိုကား **'ငါ၏တရားကို သဒ္ဒါအနက်အားဖြင့် အမှားအယွင်း မမှန်မကန် ဖောက်ပြန်သောအားဖြင့် ယူမိမှားလျှင် ငါဘုရားကို စွပ်စွဲသည် မည်၏။ ဘုရားကို စွပ်စွဲသဖြင့်လည်း ဆင်းရဲကြီးစွာ ရောက်လေရာ၏' ဟု ဟောကြားတော်**

mgyoe.com

mgyoe.com

မူသည်နှင့်အညီ ပညာရှိတို့အား သဒ္ဒါအနက် မဖောက်မပြန် မှန်ကန်စွာယူ၍ သဂ္ဂမောက္ခအကျိုးကို ပြီးစိမ့်သောငှာ ပြဆိုအပ်သော စကားချပ်တည်း)။

## ကိုက်ခဲရန်လာ မြွေပမာ

ဤလောက၌ ဒေါသကြီးသောသူ မည်သည်ကို မိရင်းဖစစ် ညီအစ်ကို အဘိုးအဘွား ဆွေမျိုးပေါက်ဖော် တော်သူတစ်ထွေ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်ကုန်သော သူတို့မှသော်လည်း မချစ်မနှစ်သက်နိုင်။ ကိုက်ခဲအံ့ဟူ၍ ရှေးရှုလာသော မြွေကဲ့သို့လည်းကောင်း၊ တောအုပ်အရပ်၌ သတ်ပုတ်ညှဉ်းဆဲ လုယူဖျက်ဆီးအံ့သောငှာ ရှေးရှုလာကုန်သော ခိုးသူတို့ကဲ့သို့လည်းကောင်း၊ ကိုက်စားခြင်းငှာလာသော ဘီလူး၊ သဘက်ကဲ့သို့လည်းကောင်း၊ ထိတ်လန့်စရာဖြစ်၍ စုတိနောင် ပဋိသန္ဓေ စိတ်၏ ဝါရသို့ ကျရောက်သည်ရှိသော် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံတို့၌ ဖြစ်စေတတ်၏။ မျက်မှောက်သောကိုယ်၏ အဖြစ်၌လည်း အမျက်ဒေါသ ခက်ထန်သောပုဂ္ဂိုလ်သည် နဂိုမူလ ရုပ်အဆင်း ထွန်းဝင်းပြည့်ဖြိုးလျက် အဖိုးတစ်သိန်းထိုက်သော အဝတ်တန်ဆာဖြင့်ပင် ဆင်ယင်ငြားသော်လည်း ကုဋ္ဌရောဂါ နူနာစွဲကပ်သော ဝိရူပပုဂ္ဂိုလ်အား ပတ္တမြားနားတောင်း စည်ဘောင်း လက်ကြပ် လက်စွပ် ပုတီး စသည်တို့ဖြင့် တင့်တယ်စွာ ဖြစ်စေခြင်းငှာ ဆင်ယင်ပါသော်လည်း အနာနှင့်တန်ဆာ ပမာဏ မမျှလေသောကြောင့် မလှနိုင်ရာသကဲ့သို့သာ ဖြစ်၏။

တစ်ဆယ့်ငါးရက်တွင် တက်၍ ထွန်းတောက်ပသော လဝန်း၏သဖွယ် တင့်တယ်သော မျက်နှာပမာဏရှိ၏ဟု ဆိုသော်လည်း ပိုးအိမ်ပိုးမှိုက်တို့ဖြင့် မြေးရှက်အပ်သော ပွင့်ချပ်မှန်အာ ပဒုမာကြာကဲ့သို့လည်းကောင်း၊ အညစ်အကြေးတို့ဖြင့် မြေးရှက်လိမ်းကျံအပ်သော ကြေးမုံပြင်ကဲ့သို့လည်းကောင်း၊ အဆင်းဖောက်ပြန်လေသည်သာတည်း။ ကြင်နာစေခြင်း လက္ခဏာရှိသော အမျက်ဒေါသကိုမှီ၍ လောက၌ သတ္တဝါအပေါင်းတို့သည် ဓား၊ လက်နက်တို့ကိုကိုင်၍ မိမိကိုယ်ကို မိမိ သတ်ဖြတ်ခြင်းကို ပြုကုန်၏။ အဆိပ်ကို မျိုကုန်၏။ သေဆွဲမူကုန်၏။ ချောက်ကမ်းပါးပြတ်မှ သက်ဆင်းကြကုန်၏။ ဤသို့ အမျက်ဒေါသ၏ အစွမ်းသတ္တိ

mgyoe.com

အားဖြင့် သေလွန်သည်ရှိသော် အပါယ်လေးပါးတို့၌ ဖြစ်ရကုန်၏။ ညဉ်းဆဲခြင်း သဘောရှိကုန်သော သူတို့သည်လည်း မျက်မှောက်သောကိုယ်၏အဖြစ်၌ ကဲ့ရဲ့ အပ်သည်၏အဖြစ်သို့ ရောက်ကုန်၍ သေလွန်သည်၏ အခြားမဲ့ဝယ် ငရဲ၌ ဖြစ်ရ ကုန်၏။ တစ်ဖန် လူ့ဘဝကို ရပါကုန်သော်လည်း ဖွားမြင်သည်မှစ၍ အနာရောဂါ များကုန်၏။ မျက်စိနာ၊ နားနာ အစရှိသည်တို့သည် တစ်ပေါင်းတည်းစု၍ ထို အမျက်ဒေါသ ခက်ထန်သောသူ၌ ကျရောက်တတ်ကုန်၏။ အစွဲအမြဲ ဆင်းရဲကုန်၏။ ထို့ကြောင့် သတ္တဝါအပေါင်း၌ ချစ်ခြင်းမေတ္တာစိတ်ရှိသည်။ အကျိုးစီးပွားကို အလို ရှိသောစိတ် ရှိသည်ဖြစ်တို့ရာ၏ဟု ဧကပဏ္ဏဇာတ် အဋ္ဌကထာ၌လာသည်။

ရှေးဦးစွာ အမျက်ထွက်သော သူ့ထက်လည်း နောက်တစ်ဖန် ပြန်၍ အမျက်ထွက်သောသူသည် အလွန် မလိမ္မာရာ၊ ယုတ်မာရာရောက်၏။ ထို့ကြောင့် မြတ်စွာဘုရားသခင်သည်…

ယော၊ အကြင်သူသည်။ ကုဒ္ဓံ၊ အမျက်ထွက်သောသူကို။ ပဋိကုဇ္ဈတိ၊ တစ်ဖန်ပြန်၍ အမျက်ထွက်၏။ တသေ၀၊ ထိုတစ်ဖန် တုံ့ပြန်၍ အမျက်ထွက်သော သူအားသာလျှင်။ တေန၊ ထိုရှေးဦးစွာ အမျက်ထွက်သောသူထက်။ ပါပိယော၊ ယုတ်မာသည်မည်၏။ ကုဒ္ဓံ၊ အမျက်ထွက်သောသူကို။ အပ္ပဋိကုဇ္ဈန္တော၊ တစ်ဖန် ပြန်၍ အမျက်မထွက်သည်ရှိသော်။ ဒုဇ္ဇယံ၊ အောင်နိုင်ခဲသော။ သင်္ဂါမံ၊ ကိလေသာ ရန်စစ်ကို။ ဇေတိ၊ အောင်နိုင်၏။ သံကုပိတံ၊ အမျက်ထွက်သော။ ပရံ၊ သူတစ် ပါးကို။ ဉတွာ၊ အမျက်ထွက်မှန်းသိ၍။ ယော၊ အကြင်သူသည်။ သတော၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍။ ဥပသမ္မတိ၊ တစ်ဖန်ပြန်၍ အမျက်မထွက်။ သော၊ ထိုသူသည်။ အတ္တနော၊ မိမိ၏လည်းကောင်း။ ပရဿစ၊ သူတစ်ပါး၏လည်းကောင်း။ ဉဘိန္နံ၊ နှစ်ပါးကုန်သော သူတို့၏။ အတ္ထံ၊ အကျိုးစီးပွားကို။ စရတိ၊ ကျင့်ပေသည်မည်၏။

ဤသို့ ရှေးဦးစွာ အမျက်ထွက်သောသူထက် နောက်တစ်ဖန် တုံ့ပြန်၍ အမျက်ထွက်သောသူက သာလွန်၍ မလိမ္မာရာရောက်ကြောင်းကို ဟောတော်မူ သည်။

mgyoe.com

 mgyoe.com 

## ဥပမာအားဖြင့်

ဆိုသည်ရှိသော် ခရပတ္တဇာတ်၌ သုဇိတာနှင့်တကွ သိကြားနတ်မင်း ဖန်ဆင်းအပ်သော ဆိတ်ဖို၊ ဆိတ်မတို့က မင်းစီးရထားဝယ် ကသောမြင်းကို သင်ကားလွတ်ရာ လပ်ရာရှာဖွေ စားသောက်၍မနေဘဲ လူတို့၏ အစေအပါးကို ခံ၍နေသောကြောင့် မိုက်မဲတွေဝေသည်မည်၏။ သင့်ထက်သော်ကား ရထားပေါ်မှာ စီးသောမင်းကြီးသည် အလွန်တွေဝေရာရောက်၏ဟု ဆိုသကဲ့သို့လည်းကောင်း၊ မစ္ဆဇာတ်၌ ငါးစိမ်းကိုမြင်၍ ငါးကင်ကို ရေတွင်ပစ်သော မြေခွေးထက် အဆွေ ခင်ပွန်းဟောင်းကိုပစ်၍ အဆွေခင်ပွန်းသစ်၏နောက်သို့ လိုက်မှားသောသူဌေးသမီး သည် သာလွန်၍ တွေဝေရာရောက်၏ဟု ဆိုသကဲ့သို့လည်းကောင်း၊ နေလကို တောင့်တ၍ငိုသော မဋ္ဌကုဏ္ဍလီ သတို့သားထက် တမလွန်ဘဝသို့ ပြောင်းသွားသော သားကို တောင့်တ၍ငိုသော အဒိန္နပုဗ္ဗကအဘသူဌေးက သာလွန်၍ တွေဝေရာ ရောက်၏ဟု ဆိုသကဲ့သို့လည်းကောင်း၊ ရှေးဦးစွာ အမျက်ထွက်သောသူသည် အပိုင်းအခြားပမာဏ မရှိမိုက်မဲ တွေဝေရာရောက်၍ အဆင်းတန်ရှိရာတွင် နောက် တစ်ဖန် တုံ့ပြန်၍ အမျက်ထွက်သောသူသည် သာလွန်၍ တွေဝေရာရောက်ပြန် သဖြင့် ဗာလထက် အတိဗာလမည်သည်သာ ဖြစ်ရာသည်။ ဤလောက၌ လူတို့ အား အရုပ်ဆိုးသည်၊ အဆင်းတန်သည်ဟုဆိုသော်လည်း လူကိုလူချင်းမျှ မြင်တိုင်း မသိ၊ လူတိုင်းမသိ၊ အချို့က လှ၏၊ အချို့က မလှထင်မှတ်ကြ၍ ဝါဒကွဲပြားသဖြင့် ပိုင်းပိုင်းခြားခြား မသိနိုင်ဟု ဆိုရန်ရှိ၏။ အမျက်ဒေါသ ထွက်သောသူ၏ အရုပ် ဆိုးဟန်၊ အဆင်းတန်ဟန်ကို တိရစ္ဆာန်တို့သော်မှ တိရစ္ဆာန်ချင်း သိနိုင်ကြ၍ အလွန် ထင်ရှား၏ဟု ဆိုရန်ရှိ၏။

## ခင်ပုတ်ငှက်သဖွယ်

ထို့ကြောင့် မဟုတ်လော၊ ဥလူကဇာတ်၌ ကပ်ဦးအခါ မဟာသမ္မတမင်း လက်ထက် ငှက်တိရစ္ဆာန် အပေါင်းတို့က ခင်ပုပ်ငှက်အား မင်းမြှောက်ကြမည် ရှိရာ ကျီးငှက်တို့က ဤခင်ပုပ်ငှက်အား အမျက်မထွက်ဘဲလျက် ကြည့်ဝံ့စရာ၊ မြင်ဝံ့စရာမရှိ။ အဆင်းတန်လှသည်ဖြစ်လျက် အမျက်ထွက်သောအခါ ရှုစရာမရှိ၊

mgyoe.com

အတိုင်းထက်အလွန် မမြင်ဝံ့၊ မကြည့်ဝံ့ရှိရာသည်ဟူ၍ တားမြစ်ပိတ်ပင်လေသည်ကို ထောက်၍ စိတ်နောက်ကျူသောအခါ အရုပ်အဆင်း မလှပဟန်ကို တိရစ္ဆာန်တို့မှ သိကုန်သေး၏ဟု ဆိုရန်ရှိ၏။

## ရေတွက်၍ မကုန်နိုင်

ဤလောကဋ္ဌ တစ်နေ့၊ တစ်ရက်၊ တစ်လ၊ တစ်နှစ်၊ တစ်ဘဝလုံး အကျိုးမဲ့ကို ပြုကျင့်နေထိုင်သောသူ၏ အကျိုးမဲ့အပြစ်ကို တစ်၊ နှစ် စသည်ဖြင့် ရေတွက်၍ ဂဏန်းကုန်သော်လည်း မကုန်နိုင်အောင် ဖြစ်တုန်သေး၏။ အနာဒိကာလ အစ မထင် သံသရာမှစ၍ ဤဘုံ၊ ဤဘဝ၊ ဤနှစ်၊ ဤလ၊ ဤနေ့၊ ဤရက်တိုင်အောင် အကျိုးမဲ့ကို ပြုကျင့်၍နေသော ကိလေသာရန်သူအပြစ်ကို တစ်၊ နှစ် စသည်ဖြင့် ဂဏန်းရေး၍ ရေပြားသော်လည်း ကုန်နိုင်ဖွယ် အကြောင်းမရှိသည်သာတည်း။

ဥပမာအားဖြင့် ဆိုသည်ရှိသော် ဤလောကဋ္ဌ ကလျာဏ ပုထုဇဉ် သူမွန် သူမြတ်တို့၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းအံ့သြ၍ မကုန်မခန်းနိုင်လေရာသောကြောင့် လောကသုံးပါး၏ ထွတ်ဖျားမှန်ကူ သရဘူသင်းကျစ် ပတ္တမြားမျက်ရစ် ဖြစ်တော်မူသော မြတ်စွာဘုရားကား အဘယ်မှာ ဂုဏ်တော်ကျေးဇူးတော်မြတ်တို့ကို ချီးငေါ် အံ့သြ ထောမနာ၍ ကုန်နိုင်တော့အံ့နည်းဟု နှိုင်းခိုင်းမြော်ရှု၍ အနုမာနဉာဏ် သက်ရာသကဲ့သို့တည်း။

## အကုသိုလ်ကံကြီးလေးပါး

ဤဘဒ္ဒကမ္ဘာဝယ် အခြားကံတို့နှင့်မတူ သာလွန်၍ အပြစ်ကြီးမားသော မကောင်းမှု အကုသိုလ်ကံကြီးသည် လေးပါးအပြားရှိ၏။ ထိုစကားမှန်၏။ ဤ ဘဒ္ဒကမ္ဘာ၌ စေတိယမင်း၏ မုသာဝါဒကံ၊ ကောလိယ၏ အရိယူပဝါဒကံကဲ့သို့ အရိယာကို ပြစ်မှားသောကံ၊ မဟာကပိဇာတ်၌ ဘုရားလောင်းအား ပြစ်မှားသော ဒေဝဒတ်အလောင်း မျောက်၏အဆွေခင်ပွန်း ဖြစ်မှားသော မိတ္တဒ္ဒုကံ၊ ဒေဝဒတ် ကဲ့သို့ သူတစ်ပါးကျေးဇူးကို မသိတတ်သော အကတညုတကံ၊ ဤကံကြီးလေးပါး သည် အခြားကံတို့ထက် သာလွန်၍ အပြစ်ကြီးမားသောကြောင့် မဟာပါပ မဟာ အကုသိုလ်ကံကြီးဟု ဆိုအပ်၏။ ထို့ကြောင့် သဂါထာဝဂ္ဂသံယုတ္တနိကာယ်၌···

mgyoe.com

မုသာ၊ ချွတ်ယွင်းသောစကားကို။ ဘဏာတော၊ ဆိုသောသူအား။ ယံပါပံ၊ အကြင် မုသာဝါဒကံသည်လည်းကောင်း။ အရိယူပဝါဒိနော၊ အရိယာကို စွပ်စွဲသောသူ၏။ ယံပါပံ၊ အကြင်အရိယူပဝါဒကံသည်လည်းကောင်း။ မိတ္တဒ္ဒုနော၊ အဆွေခင်ပွန်း ပြစ်မှားသောသူ၏။ ယဉ္စပါပံ၊ အကြင်မိတ္တဒ္ဒုကံသည်လည်းကောင်း။ အကတညုနော၊ သူ့ကျေးဇူးကိုမသိသောသူ၏။ ယဉ္စပါပံ၊ အကြင်အကတညုတကံသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။

ဤသို့ ဟောတော်မူလေသည်။ သာရတ္ထပကာသနီမည်သော သံယုတ္တနိကာယ် အဋ္ဌကထာ၌လည်း…

ဣမသ္မိံကပ္ပေ၊ ဤကမ္ဘာ၌။ ဣမာနိစတ္တာရိမဟာပါပါနိ၊ ဤမကောင်းမှုကံကြီးလေးခုတို့သည်။ ဟောန္တိကရ၊ ဖြစ်ကုန်သတတ်။

ဤသို့ အဋ္ဌကထာဆရာမြတ်တို့ မိန့်အပ်ကုန်၏။ ထိုမကောင်းမှု အကုသိုလ်ကံကြီး လေးခုတို့တွင် မုသာဝါဒကံသည် ဒေါသကြောင့် ဖြစ်ကုန်၏။ အရိယူ-ပဝါဒကံသည် လောဘကြောင့်ဖြစ်၏။ မောဟမှာမူကား အလုံးစုံနှင့် ဆက်ဆံသည် ဖြစ်၍ မကင်းရာသည်သာတည်းဟု အဘိဓမ္မာ အဋ္ဌကထားများ၌ လာသည်။ ဤသို့ ပြောပြ၍ မကုန်နိုင်အောင် အပြစ်ကို ဖြစ်စေတတ်သော မကောင်းမှုကံကြီးလေးပါးကို လောဘ၊ ဒေါသတရားတို့သည် ရွက်ဆောင်ကုန်၏။

## ဒေါသအတွက် ပျက်စီးပုံ

ထိုမှတစ်ပါး မြတ်စွာဘုရားကို မုန်းထားမူသော တစ်ဦးသော မာဂဏ္ဍီ၏ အမျက်ဒေါသကိုစွဲ၍ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် အကုန်သေကြေ ပျက်ပြုန်းသော ထုံးဟောင်းအမှာပုံ ဆဒ္ဒန်ဆင်မင်း၌ ရန်ငြိုးမုန်းထားမူသဖြင့် သုဘဒ္ဒါမိဖုရား၏ ပျက်ပြားဆုံးရှုံးသော ထုံးဟောင်းအမှာပုံ ဤသို့ အစရှိသော ဝတ္ထုပုံစံသက်သေများကို ထောက်၍ ဒေါသ၏အပြစ် ကြီးမားဟန်ကို အဖန်တလဲလဲ ရှုဆင်ခြင်အပ်၏။ ယခုလောက မျက်မှောက်၌ ဒေါသကို အကြောင်းပြု၍ အကျိုးစီးပွား ပျက်စီးဟန်ကို ထင်ကြ၊ မြင်ကြ၊ တွေ့ကြုံကြသည်ချည်းဖြစ်၍ အနီးအပါး ထင်ရှားသက်သေရှိလျက် အဝေးထုံးစံကို အနှုန်းစံရန် မရှိပြီ။ ထိုစကားမှန်၏။

mgyoe.com

mgyoe.com

ဤလောက၌ သူ့အမျိုး၊ ငါ့အမျိုး၊ သူ့အနွယ်၊ ငါ့အနွယ်၊ သူ့အိမ်၊ ငါ့အိမ်၊ သူ့ယာ၊ ငါ့ယာ ဆိုသကဲ့သို့ အမျက်ဒေါသ ထွက်သောအားဖြင့် အကျိုးစီးပွား မဆုတ်မယုတ်ဖူးသောသူ မည်သည်မရှိ။

## ပစ္စာသန္န နည်းပမာ

ရှေးရှေးသဒ္ဒါဆရာ ပညာရှိတို့လည်း အနီးရှိက အဝေးကိုမဆိုဘဲ အနီးကိုသာ ညွှန်ပြကုန်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား တစ်စုံတစ်ခု စားဖွယ်၊ သောက်ဖွယ်ကို နေပူဝယ်လှန်းထား၍ အရပ်တစ်ပါးသို့ သွားလေလျှင် ကျီးငှက်ကို စောင့်ရှောက်ခြောက်လှန့်ရစ်ပါဟု မှာဆိုကြရာ ကျီးငှက်မှတစ်ပါး ဆောင်သွားလုယက်တတ်သော သိမ်း၊ စွန် စသော ငှက်များသည် ထင်ရှားရှိပါလျက် အနေဝေးသောကြောင့် ကျီးငှက်ကိုသာ စောင့်ရှောက်ခြောက်လှန့်ရစ်ပါဟု နီးရာကိုစွဲ၍ မှာဆိုမြဲ ဓမ္မတာကဲ့သို့တည်း။ ထိုကဲ့သို့သောနည်းကို လေးဆယ်အရေအတွက်ရှိကုန်သော နည်းအပေါင်းတို့တွင် ပစ္စာသန္နနည်းဟု ဆိုအပ်၏။ ဤဒေါသအမျက်ကြောင့် ပျက်စီးသောအရာ၌လည်း အဝေးပုံစံကို မယူမူ၍ အနီးပုံစံဖြင့်သာ ဒေါသ၏ အပြစ်ကို ဖွင့်လှစ်၍ ထားဘိသကဲ့သို့ ထင်ရှားလှစွာ၏။

## အစိုးရမင်းများနှင့် အမျက်ဒေါသ

စတ္တာလီသနိပါတ်၊ တေသကုဏဇာတ်၌လည်း ဗာရာဏသီပြည် ကံသမင်းအား ရင်ထွက်သားကဲ့သို့ မွေးစားအပ်သော ဝေဿန္တရာမည်သော ခင်ပုပ်ငှက်က...

တာတ၊ ခမည်းတော်မင်းမြတ်။ ရာဇာနောနာမ၊ မင်းတို့မည်သည်ကား။ ကုဇ္ဈာနံ၊ အမျက်ထွက်ခြင်း ကုဇ္ဈနလက္ခဏာရှိသော။ ကောဓမ္ပိ၊ ကောဓကိုလည်း။ နိဝါရေယျုံ၊ တားမြစ်တော်မူကုန်ရာ၏။ ဟိသစ္စံ၊ မှန်၏။ တာတ၊ ခမည်းတော်မင်းမြတ်။ အညေသံ၊ မြင်မြင်ဝါးဝါး သူတစ်ပါးတို့၏။ ကောဓော၊ အမျက်သည်။ ခိပ္ပံ၊ လျင်စွာ။ မတ္တကံ၊ အပြီးအဆုံးသို့။ နပါပုဏာတိ၊ မရောက်တည့်နိုင်။ ရာဇုနံ-ပန၊ မင်းတို့၏ကား။ ကောဓော၊ အမျက်ဒေါသသည်။ မတ္တကံ၊ အပြီးအဆုံးသို့။

mgyoe.com

mgyoe.com

ပါပုဏ္ဏာတိ၊ အလွယ်တကူ ရောက်တည့်နိုင်၏။ ရာဇာနောနာမ၊ မင်းတို့မည်သည် ကား။ ဝါစာဝုဓာ၊ စကားလျှင် လက်နက်ရှိကုန်၏။ ကုဇ္ဈိတွာ၊ အမျက်ထွက်၍။ ဩလောကိတမတ္တေနပိ၊ ကြည့်ကာမျှဖြင့်လည်း။ ပရံ၊ သူတစ်ပါးကို။ ဝိနာသေန္တိ၊ ဖျက်ဆီးနိုင်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ရညာ၊ မင်းမည်သည်ကား။ အဧဟိ၊ တစ်ပါးကုန်သော။ မနုဿေတိ၊ လူတို့ထက်။ အတိရေကတရံ၊ လွန်စွာ။ နိက္ကောဓေန၊ အမျက်နည်းသည်။ ဘဝိတဗ္ဗံ၊ ဖြစ်တို့ရာ၏။ ခန္တိမေတ္တာနုဒ္ဒယာသမ္ပန္နေန၊ သည်းခံခြင်းခန္တီ၊ ချစ်ခြင်းမေတ္တာ၊ သနားခြင်း ကရုဏာနှင့် ပြည့်စုံသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ဖို့ရာ၏။ အတ္တနော၊ မိမိ၏။ ပိယပုတ္တံဝိယ၊ ချစ်လှစွာသော သားကိုကဲ့သို့။ လောကေ၊ တိုင်းနိုင်ငံသူ ရှင်လူအပေါင်းတို့ကို။ ဩလောကေန္တေန၊ ကြည့်ရှုစောင့်မ တတ်သည်။ ဘဝိတဗ္ဗံ၊ ဖြစ်ဖို့ရာ၏။ တာတ၊ ခမည်းတော်မင်းမြတ်။ ဟိသစ္စံ၊ မှန်၏။ အတိကောဓော၊ အလွန်အမျက်ကြီးသော။ ရာဇာ၊ မင်းသည်။ ဥပ္ပန္နံ၊ ဖြစ်ပြီးသော။ ယသံ၊ စည်းစိမ်ချမ်းသာကို။ ရက္ခိတုံ၊ စောင့်ရှောက်ခြင်းငှာ။ နသက္ကောတိ၊ မစွမ်းနိုင်။

## တိရစ္ဆာန်က လူကိုဆုံးမပုံ

ဤသို့လျှင် အဟိတ်တိရစ္ဆာန်ဖြစ်သော ဝေဿန္တရာမည်သော ခင်ပုပ်ငှက် က လူစင်စစ်ဖြစ်သော ခမည်းတော် ကံသမင်းအား ဟောကြားညွှန်ပြ ဆုံးမလေ သည်။ ဤသို့လျှင် တိရစ္ဆာန်ဖြစ်သော ငှက်တို့စဉ်ဖြစ်လျက် အမျက်ဒေါသ၏ အပြစ်ကို မင်းထိုက်စိုးတန်၊ အကျိုးမှန်အောင်၊ ပြညွှန်ဟောကြားနိုင်လျက် ရှက် ကြောက်စရာ ငါတို့မှာမူ လူစင်စစ်ဖြစ်ကြပါလျက်နှင့် အမျက်ဒေါသ၏ အပြစ်ကို ဖွင့်လှစ်ထင်ရှားအောင် အလိုလို ဒေသနာတော်ကို အမှီမရဘဲ ပြညွှန်နိုင်မည်ကို မဆိုထားဘိဦး။ မိမိ၏ အမျက်ဒေါသကိုမျှ ဒေသနာကို အမှီရလျက် ဗာလအမူ ရန်သူမှန်း မသိအောင် ရှိကြလေသည်ကား အလွန်လျှင် အံ့ဖွယ်သရဲ ရှိ၏။ အဟိတ် တိရစ္ဆာန်တို့စဉ်လျက် မင်းထိုက်စိုးတန် စကားမွန်ဖြင့် မျက်မာန်ဒေါသ၏အပြစ်ကို ဖြစ်တောင့်ဖြစ်ခဲ နက်နဲစွာ ဟောပြောနိုင်ဘိ၏ဟု ဝိစိကိစ္ဆာ သဘောဖြင့်တွေးကာ ဝိုးဝါးယုံမှားခြင်း ကိစ္စကို မဖြစ်စေရာ။

mgyoe.com

mgyoe.com

အဘယ့်ကြောင့်နည်းဟူမူကား လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး ၄င်းပါရမီကိုဖြည့်၍ ရအပ်သော သဗ္ဗညုတဉာဏ် ပဌမသာဝက ပါရမီဉာဏ်ရှင်တို့၏ အရာ၊ ပါရမီ ရင့်ညောင်းသော အလောင်းတော်ချည်းဖြစ်သောကြောင့်တည်း။ ပဌမသာဝက ပါရမီဉာဏ်ဟူသည်လည်း မဟာသာဝက၊ ပကတိသာဝကတို့ဉာဏ်နှင့် မမျှလေသည်သာတည်း။ ထိုစကားမှန်၏။ အရှင်သာရိပုတ္တရာ၏ ဉာဏ်တော်ပမာဏကို ပြရာဝယ်၊ တစ်ကမ္ဘာပတ်လုံး သည်းထန်စွာရွာသော မိုးရေ၊ မိုးပေါက်ကို ဤရွေ့၊ ဤမျှလောက်ရှိ၏ဟု ပိုင်းခြားတော်မူနိုင်ရာ၏ဟု အဋ္ဌကထာဆရာမြတ်တို့ ပြတော်မူချေသည်။

## နတ်များကိုယ်၌ ပူးဝင်ဆုံးမကြောင်း

လောက၌လည်း သမ္မာဒေဝ၊ လောကပါလ အစရှိကုန်သော နတ်တို့သည်လည်း ဂန္ဓတိန္ဒုကဇာတ်၌ တည်ပင်စောင့်နတ်ကဲ့သို့ လူတို့အား စောင့်ရှောက်ခြင်းငှာ လူတို့၏ကိုယ်၌ ပူးဝင်၍ အကျိုးအကြောင်းကို ပြောဆိုစေကုန်၏ဟု ကျမ်းဂန်၌လာရှိသည်။ ယခုလောက၌လည်း တဘောင်၊ နိမိတ်၊ တိတ်၊ စံနည်း အစရှိသည်တို့ကိုလည်း မလိမ္မာကုန်သော သူငယ်တို့၏ ကိုယ်၌ပူးဝင်၍ သွန်သင်ပြောဆိုကြောင်း ထုံးဟောင်းလည်း များစွာရှိသည်။ ယင်းသို့ဖြစ်၍ လောကဗျူဟာ နတ်တို့၏ တန်ခိုးအစွမ်းအားဖြင့် ထူးဆန်း သိမ်မွေ့လှစွာသော ဒေသနာတော်ကို ဟောပြောနိုင်သော အရာလည်းရှိရာ၏။ ဤသို့ ဂန္ဓတိန္ဒုကဇာတ်၌ အယုတ်အားဖြင့် ဖား၊ ငါး၊ တိရစ္ဆာန် ဤလောက၌ ထမင်းဟင်းကို စားသောက်ရုံမျှသာ သိနိုင်သေးကုန်သော သူငယ်ကလေးတို့ပင်သော်လည်း အတိတ်၊ အနာဂတ် အကျိုးအကြောင်းနှင့်စပ်သော စကားပြောကြားနိုင်သည်ကို ထောက်ချင့်စာနာလျှင် ပါရမီရင့်၍ ပွင့်လုနီးနီးသော အလောင်းအလျာတို့မှာသော်ကား ရေစုန်တွင် ရွက်ဖွင့်၍ လွှင့်အပ်သော လှေကဲ့သို့ ထူးထွေဆန်းပြားသော တရားဓမ္မ ဒေသနာတော်တို့ကို ဟောနိုင်ရာသည်သာတည်း။

ဉပမာအားဖြင့် ဆိုချေသည်ရှိသော် မိမိအင်အားနှင့် နှိုင်းဆ၍ ယုန်သားငယ်က မဖွယ်မရာ နေရှုရာမြစ်အတွင်း ဆဒ္ဒန်ဆင်မင်းသည် ချင်းနင်းခုန်လွှား၍

mgyoe.com